

# မုဒိမ်းကျင့်မှု

## အကြမ်းဖက်မှုကို လက်နက်အဖြစ် ရိုဟင်ဂျာများအပေါ် ကျင့်သုံးခြင်း

# မုဒိမ်းကျင့်မှု

## အကြမ်းဖက်မှုကို လက်နက်အဖြစ်
## ရိုဟင်ဂျာများအပေါ် ကျင့်သုံးခြင်း


**ကုလားတန် သတင်းကွန်ယက်**

**ပထမဆုံး ရိုဟင်ဂျာ သတင်းအေဂျင်စီ (၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်)**

# ရခိုင်ပြည်နယ်
# မှ
# ရိုဟင်ဂျာ
# ပြည်သူများအတွက်

| | |
|---|---|
| ပထမ အကြိမ် | ဖေဖော်ဝါရီ -၂၀၁၈ |
| အဓိက ပြုစုသူ | ရာဇီယာ စူလတန်နာ B.A, M.A, LL.B |
| မူပိုင် | ကုလားတန်သတင်းကွန်ယက် |
| ထုတ်ဝေသူ | ကုလားတန် သတင်းကွန်ယက် |
| စာတိုက် | သေတ္တာ အမှတ် ၇၇၃<br>စစ်တကောင်း ၄၀၀၀၊ ဘင်္ဂါလားဒေ့ရှ် |
| ဝက်ဘ်ဆိုက် | www. kaladanpress.org<br>www. kaladanpress.com |
| ထောက်ပံ့သူ | မြန်မာ ကယ်ဆယ်ရေး စင်တာ<br>(Burma Relief Center) |

ဤစာတမ်းအတွက် မြေပုံများ ပြုလုပ်သည့် နည်းပညာကူညီပေးသည့်
ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်ကို အထူးကျေးဇူးတင်ရှိပါသည်။

# မာတိကာ


**အနှစ်ချုပ်** ၁

**နိဒါန်းနှင့် စာတမ်းပြုစုပုံ** ၆

**နောက်ခံ အကြောင်း** ၈

၂၀၁၇ ခု စစ်တပ်မှ လူထုအပေါ် ကျူးလွန်သည့် ပြစ်မှုများအတွက် စစ်တပ်ကို အရေးမယူခဲ့သောကြောင့် ကျူးလွန်မှုများကို အားပေးရာမြောက်သည်။

**မေးမြန်းချက်များမှ တွေ့ရှိချက်များ** ၁၀

**အမျိုးသမီးများ၏ လုံခြုံရေးကို ဖျက်ဆီးသည့် "အကြမ်းဖက်သမား တိုက်ဖျက်ရေး"**

**၂၀၁၇ ခုနှစ် "နယ်မြေရှင်းလင်းရေး" အတွင်း လိင်အကြမ်းဖက်မှု အဆင့်ဆင့်**

- စစ်အင်အားတိုးချဲ့စဉ်နှင့် "အကြမ်းဖက်သမား တိုက်ဖျက်ရေး" လုပ်စဉ် မုဒိမ်းကျင့်မှု
- ရိုဟင်ဂျာရွာများကို တိုက်ခိုက်စဉ် မုဒိမ်းကျင့်မှု မောင်တောကို စစ်တပ်မှ ထိန်းချုပ်ထားစဉ် မုဒိမ်းကျင့်မှု
- မေယုတောင်တန်းကို ဖြတ်ပြေးစဉ် အမျိုးသမီးများကို မုဒိမ်းကျင့်မှု

**မုဒိမ်းကျင့်ခြင်းကို စနစ်တကျ လုပ်ဆောင်ပုံ အဆင့်ဆင့်**


- မုဒိမ်းမှု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွါး နေခြင်း
- စစ်စခန်းများအတွင်း မုဒိမ်းမှုများ
- အုပ်စုလိုက် မုဒိမ်းကျင့်ခြင်း
- သက်သေများကို မကြောက်ခြင်း
- မိန်းကလေးများကို ထင်ထင်ရှားရှား မုဒိမ်းကျင့်ခြင်း
- မုဒိမ်းကျင့်ခံရသူများကို ကြိမ်ဖန်များစွာ နှိပ်စက်ခြင်း၊ ကိုယ်အင်္ဂါကို လှီးဖြတ်ခြင်းနှင့် သတ်ဖြတ်ခြင်း
- တူလ တိုလီရွာကို တိုက်ခိုက်ခါ အုပ်စုလိုက် မုဒိမ်းကျင့်မိန့်ပေးမှု

**နိဂုံးချုပ်ချက်နှင့် အကြံပြုခြင်းများ** ၃၇

**နောက်ဆက်တွဲများ** ၄၀

- လိင်အကြမ်းဖက်မှု ဖြစ်စဉ် မှတ်တမ်း
- မောင်တော မြောက်ပိုင်း တူလတိုလီ ရွာမှ အသက်ရှင် ကျန်ရှိသော မုဒိမ်းကျင့်ခံရသူ၏ ထွက်ဆိုချက် အသေးစိပ်

# Kaladan Press မှ စစ်တမ်းကောက်ထားသည့် ၂၀၁၇ ခုနှစ် ဇွန်လိုင်လ - စက်တင်ဘာလအတွင်း မြန်မာစစ်တပ်မှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တည်နေရာပြမြေပုံ



# အနှစ်ချုပ်

ဤအစီရင်ခံစာမှာ ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မြန်မာ့စစ်တပ်မှ ရက်စက်ကြမ်းတမ်းသည့် "နယ်မြေရှင်းလင်းရေး" စစ်ဆင်ရေးလုပ်စဉ် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ကျင့်သုံးခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အထောက်အထားနှင့်တကွ ဖေါ်ပြထားခြင်း ဖြစ်သည်။ ထိုစစ်ဆင်ရေးက ရိုဟင်ဂျာရွာသား ၆၈၀၀၀၀ ကျော်ကို ဘင်္ဂါလားဒေ့ရှ်နိုင်ငံထဲသို့ မောင်းထုတ်ခဲ့သည်။

မုဒိမ်းကျင့်ခံရပြီး မသေဘဲ ရှင်ကျန်ခဲ့သူ ၈ ယောက်အပါအဝင် ဒုက္ခသည် ၃၆ ယောက်ကိုမေးမြန်းခဲ့သည်။အစိုးရစစ်သားတို့သည် မောင်တောမြို့တွင်းအပါအဝင် မောင်တောနှင့် ဘူးသီးတောင် မြောက်ပိုင်းတလျှောက် အနည်းဆုံးရွာပေါင်း ၁၇ ရွာနှင့် အနီးအနားရှိ အရပ်တို့တွင် အမျိုးသမီးနှင့် မိန်းကလေး ၃၀၀ ကို စစ်ဆင်ရေးကာလအတွင်း မုဒိမ်းကျင့်ခဲ့ကြောင်း တိကျသည့် အထောက်အထားများ ရရှိခဲ့သည်။ ရွာ ၃၅၀ကျော်မှာ အတိုက်ခံရပြီး မီးရှို့ခံရသည်။ အခုတင်ပြသော အရေအတွက်သည် အမှန်တကယ် မုဒိမ်းကျင့်ခံရသော ဦးရေ၏ အပိုင်းအစမျှသာဖြစ်သည်။

ဩဂုတ်လ ၂၅ ရက်နေ့ တရားဝင် စစ်ဆင်ရေး မလုပ်မီ သတင်းပတ်ပေါင်းစွာက ရခိုင်ပြည်နယ်ရှိ လက်ရှိ စစ်စခန်းများနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတလျှောက်ရှိ နယ်စပ်ရဲစခန်းများကို အားဖြည့်ရန် မြန်မာပြည် အလယ်ပိုင်းမှ ထောင်ချီသော စစ်သားများ ဖြန့်ချထားသည်။ ဤတပ်တို့သည် စစ်ဆင်ရေး အဆင့်တိုင်းတွင် လိင်အကြမ်းဖက်မှုများ အဓိက ကျူးလွန်သူများဖြစ်သည်။

စစ်ဆင်ရေး မစမီပင် ဤစစ်သားတို့သည် လူခေါင်သော ဒေသများသို့ ကင်းလှည့်ရာ၌ "အကြမ်းဖက်မှု တိုက်ဖျက်ရေး" လုပ်စဉ် ယောကျ်ားတို့က ဖမ်းဆီးနှိပ်စက်ခံရမည်ကို စိုးရိမ်၍ တောထဲ ပြေးပုန်းကြသည့် အချိန်တွင် စစ်သားများက မုဒိမ်းမှုများကို ကျူးလွန်ကြသည်။ ဩဂုတ်လ ၂၅ ရက်နေ့ စစ်ဆင်ရေးမတိုင်မီ ရက်သတ္တပတ်အနည်းငယ်အတွင်း ဘူးသီးတောင် မြောက်ပိုင်းရှိ ကျေးရွာ နှစ်ရွာတည်းမှာပင် အမျိုးသမီး ၆ ယောက်နှင့် အသက် ၆ နှစ်အရွယ် မိန်းကလေး ၁ ယောက်တို့ အုပ်စုလိုက် မုဒိမ်းကျင့်ခံရသည်။

ရာချီသော အမျိုးသမီးများအပေါ် မုဒိမ်းပြုကျင့်မှုတို့သည် ဩဂုတ်လ ၂၅ ရက် တိုက်ခိုက်မှု စတင်ခဲ့သည့် နေ့ရက်မှစ၍ ဖြစ်ပွားခဲ့သည်။ များပြားလှသော စစ်သားတို့သည် ရွာများထဲ ဝင်လာကာ ထင်ရာမြင်ရာ ပစ်ခတ်ကြပြီး အရပ်သားများကို နှိပ်စက် သတ်ဖြတ်ကြသည်။ အိမ်များကို မီးရှို့ကြသည်။ အမျိုးသမီးများနှင့် မိန်းကလေးများကို ဖမ်းကာ အိမ်ထဲတွင် မုဒိမ်းကျင့်ကြသည်။ ပြေးကြသောအခါ ဖမ်းပြီး လူအုပ်ကြီးကို ရွာတွင်း သို့မဟုတ် ရွာအနီးနားတွင် စုဖမ်းထားသည်။ တချို့မှာ မြင်မကောင်းစွာ ကိုယ်လက်အင်္ဂါတို့ လှီးဖြတ်ခံကြရသည်။ မောင်တောမြောက်ဖက်ရှိ တူလတိုလီရွာ (မင်းကြီးရွာ) မှ လွတ်မြောက်လာသူတို့၏ ခန့်မှန်းချက်အရ ထိုတိုက်ပွဲတွင် အမျိုးသမီးနှင့် မိန်းကလေး တစ်ရာကျော် မုဒိမ်းကျင့်ခံရပြီး အများအပြား အသတ်ခံရသည်ဟု ဆိုသည်။

လိင်အကြမ်းဖက်မှုသည် ကျေးလက်ဒေသတွင်သာ ဖြစ်သည်မဟုတ်ချေ။ ဩဂုတ်လ ၂၅ ရက်နေ့ နောက်ပိုင်း ရာချီသော စစ်သားများ ပိတ်ဆို့၍ လုံခြုံရေးယူထားသည့် မောင်တောမြို့တွင်ပင် အမျိုးသမီးများကို ဖမ်းကာ မုဒိမ်းကျင့်ကြောင်း မျက်မြင်များက ပြောပြကြသည်။

နယ်စပ်သို့ ထွက်ပြေးနေသူ အမျိုးသမီးတို့သည် မုဒိမ်းကျင့်ခံ သားကောင်များ ဖြစ်ကြရသည်။ ဘူးသီးတောင်မှ ဆယ်ဂဏန်းများ အရေအတွက်ရှိသော အမျိုးသမီးနှင့် မိန်းကလေးတို့သည် ဘင်္ဂလားဒေ့ရှ်နယ်စပ်ဘက်ရောက်ရန် မေယုတောင်တန်းကို ဖြတ်ကျော်နေစဉ် ဖမ်းဆီး မုဒိမ်းကျင့်ခံကြရသည်။

မောင်တောနှင့် ဘူးသီးတောင် မြောက်ဘက်အထိ နယ်မြေတွင် ရာချီသည့် စစ်သားများက မုဒိမ်းမှုများကို ကျူးလွန်ကြသည်။ ထိုမျှ ကြီးမားသည့် အရေအတွက်နှင့် နယ်မြေကျယ်ပြန့်မှုတွင် မုဒိမ်းမှုများ ဖြစ်ပေါ်ခြင်းက အစီအစဉ်တကျ ရည်ရွယ်ချက်ရှိရှိ ရိုဟင်ဂျာလူထုများအပေါ် လက်နက်အဖြစ် မုဒိမ်းမှုကို ကျူးလွန်ကြောင်း ခိုင်မာသည့် သက်သေဖြစ်ပေသည်။

မောင်တောမြို့ အပါအဝင် နေရာ ၅ နေရာတွင် စစ်စခန်းများ၌ အမျိုးသမီးများနှင့် မိန်းကလေးများကို အခမ့်ချုပ်နှောင်ကာ ၂ ပတ်ကြာသည်အထိ မုဒိမ်းကျင့်ကြသည်။ ဤလုပ်ရပ်တို့မှာ စခန်းတို့၏ တာဝန်ခံအရာရှိ၏ ခွင့်ပြုချက်များဖြင့်သာ ဖြစ်နိုင်ပါသည်။

မုဒိမ်းမှုကို စစ်သားအုပ်စုလိုက် ပြောင်လုပ်ဆောင်ခြင်းဖြစ်သည်။ ရိုက်နက်သူ၊ ချုပ်နှောင်သူ၊ အမျိုးသမီးနှင့် မိန်းကလေးများကို ချည်နှောင်သူများတို့က အလှည့်ကျ မုဒိမ်းကျင့်ကြသည်။ ဤလုပ်ရပ်ကို တခြားစစ်သားများရှေ့၊ အရပ်သားများရှေ့တွင် လုပ်ကြခြင်းဖြစ်ရာ သူတို့တွင် လုပ်ပိုင်ခွင့် ခွင့်ပြုမိန့်ရှိပုံ ထင်ရှားသည်။ ဤသည်မှာ အထက်မှ မုဒိမ်းကျင့်ရန် အသိပေးထားခြင်းကြောင့်ပင် ဖြစ်သည်။

မုဒိမ်းမှုဖြစ်စဉ် အများစုမှာ ရက်ရက်စက်စက် နှိပ်စက်ခြင်းအမျိုးမျိုး၊ သွားဖြင့် ကိုက်ခြင်း၊ ရိုက်နက်ခြင်း၊ ဓါးဖြင့်လှီးခြင်း၊ မီးနှင့်ရှို့ခြင်းများလည်း ပြုလုပ်သည်။ မောင်တောမြို့နှင့် ရွာ ၁၁ ရွာမှ မုဒိမ်းကျင့်ခံရသူများမှာ အသတ်ခံရသည်၊ ရရှိသည့် ဒဏ်ရာတို့ကြောင့် သေကြရသည်။ ဤအချက်များက အမျိုးသမီးနှင့် မိန်းကလေး များသည် ရိုဟင်ဂျာဖြစ်ခြင်းကြောင့်ပင် အပြစ်ပေးသည့်အနေဖြင့် မုဒိမ်းကျင့်ခြင်းကို စနစ်တကျ အသုံးပြု ဒဏ်ခတ်ကြောင်း ထင်ရှားပေသည်။

မုဒိမ်းကျင့်ပြီးနောက် အမျိုးသမီးများ၏ ရင်သားကို လှီးဖြတ်ခြင်း၊ မိန်းမအင်္ဂါကို လှီးဖြတ်ခြင်းတို့မှာ (၂၀၁၆ ခုနှစ်တွင်လည်း ဖြစ်ခဲ့သည်) အထူး ရည်ရွယ်ချက်ဖြင့် လုပ်ခြင်းဖြစ်သည်။ စစ်တပ်သည် သူတို့၏ ရန်သူ အမျိုးသမီးတို့၏ ကာမကို ပိုင်စိုးသည်သာမက မျိုးပွါး အင်္ဂါကိုပါ ဖျက်ဆီးခြင်းဖြစ်ပေသည်။

တူလတိုလီ ဖြစ်စဉ်များက အထင်အရှား ပြသသည်မှာ ရာနှင့်ချီသည့် အမျိုးသမီး များကို အုပ်စုလိုက် မုဒိမ်းကျင့်ပြီး နှိပ်စက်သည်။ အများအပြား အရှင်လတ်လတ် မီးရှို့အသတ်ခံရသည်။ ဤအစုလိုက် မုဒိမ်းကျင့်ရန် အမိန့်ပေးထားသည်မှာ ငြင်းကွယ် မရနိုင်သော ထင်ရှားသည့် အထောက်အထားပင်ဖြစ်သည်။ စခန်း အမျိုးမျိုးကလာသည့် ၄၀၀ ကျော်ရှိသော စစ်သားတို့က လေကြောင်းအကူအညီ လည်းရှိ၊ မနက်ပိုင်းတွင် ရာချီသည့် အရပ်သားများကို သတ်ဖြတ်၊ မွန်းလွဲပိုင်းတွင် အမျိုးသမီးများကို နည်းလမ်းတကျ အုပ်စုလိုက် မုဒိမ်းကျင့်သည်ဆိုသည်မှာ အမိန့်မပေးထားပါက မဖြစ်နိုင်ပေ။

မုဒိမ်းကျင့်မှုကို လက်နက်အဖြစ် အသုံးချသည်မှာ စစ်ရာဇဝတ်မှုမြောက်ပါသည်။ လူသားမျိုးနွယ်တခုလုံးကို ထိခိုက်စေသည့် ရာဇဝတ်မှုများ ဖြစ်ပါသည်။ လူမျိုးတုန်း သတ်ဖြတ်သည့် နည်းနာလည်း ဖြစ်ပါသည်။ ဤအတွက် မြန်မာစစ်တပ် ခေါင်းဆောင်များ တာဝန်ရှိပါသည်။

လက်နက်ကိုင်တပ်ကို မြန်မာအစိုးရက အကာအကွယ်ပေးနေခြင်းအား ရပ်ဆိုင်းဖို့ သတိပေးရမည်။ စစ်တပ်၏ ညှင်းပမ်းနိုပ်စက်မှုများကို အစိုးရက အမြန် တားမြစ်ရမည်။ အထူးသဖြင့် အစီအစဉ်ရှိရှိ လိင်အကြမ်းဖက်မှုများသည် လူ့အဖွဲ့အစည်းတခုလုံးကို ခြိမ်းခြောက်နေသဖြင့် အမြန်ဆုံးရပ်တန့်ရန် လုပ်ဆောင်ရမည်။ စစ်သားများကို မုဒိမ်းကျင့်ရန် အမိန့်ပေး စေခိုင်းခြင်းဖြင့် စစ်သားများက ထိုအကြမ်းဖက်မှုမှ စည်းဇိမ်ခံစားစေသည်။ အမျိုးသမီးများ၏ ဘဝများ ပျက်စီးရကာ နာကျင် တုန်လှုပ်ခြောက်ခြားရသည်။ မြန်မာတပြည်လုံးတွင် စစ်တပ်များ သိန်းနှင့်ချီ ချထားသဖြင့် မုဒိမ်းကျင့်မှုတွင် ယဉ်ပါးနေသည့် စစ်သားများကြောင့် တိုင်းပြည်တဝှမ်း အမျိုးသမီးနှင့် မိန်းကလေးများ၏ ဘဝလုံခြုံရေးအတွက် ရင်လေးထိပ်လန့်စရာ ဖြစ်စေသည်။

အရပ်သားများအပေါ် စစ်တပ်က မုဒိမ်းကျင့်ခြင်း အပါအဝင် နှိပ်စက်ညှင်းပမ်းခြင်းတို့ကို ရပ်တန့်ရန် မြန်မာအစိုးရက စစ်တပ်ကို အမြန် အမိန့်ပေးရမည်။ စစ်တပ်၏ ထိပ်ပိုင်းအမိန့်ပေးသူများကို စတင်အရေးယူရမည်။ ဤသို့ ဖြစ်စေရန် ပထမဆုံး ခြေလှမ်းမှာ ကုလသမဂ္ဂ၏ စုံစမ်းစစ်ဆေးရေးမစ်ရှင်ကို ပြည်တွင်းဝင်ခွင့်ပြုရမည်။



ဘင်္ဂါလာဒေ့ရှ်တွင်ရှိသော ရိုဟင်ဂျာ ဒုက္ခသည်စခန်းသို့
သွားရန် စောင့်နေသော ဒုက္ခသည်အသစ်များ

# နိဒါန်း

၂၀၁၇ ခုနှစ် ဖေဖဝါရီလတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာမှ နိုဝင်ဘာအထိ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် မြန်မာစစ်တပ်က နယ်မြေရှင်းလင်းရေး လုပ်စဉ် အမျိုးသမီးများကို မုဒိမ်းကျင့်ခြင်း နှိပ်စက်ခြင်းတို့ကို မှတ်တမ်းပြုထားသော တုန်လှုပ်ခြောက်ခြားဖွယ် သက်သေများ အစီရင်ခံစာကို ကုလားတန် သတင်းဌာနမှ ထုတ်ပြန်ခဲ့ပါသည်။

၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးအသစ် ပြီးသည့်နောက် ဘင်္ဂါလားဒေ့ရှ်ကို နောက်ထပ်ရောက်လာသော သူတို့အား ကုလားတန် သတင်းဌာနက မေးမြန်းစုံစမ်းရာ မြန်မာစစ်သားတို့သည် ယခင်နှစ်များ ကဲ့သို့ပင် လိင်အကြမ်းဖက်မှုများ ယခင်ပုံစံအတိုင်း ဆက်လက်ကျူးလွန်ကြ သည်။ ဤအကြိမ်တွင် ပို၍ ကျယ်ပြန့်စွာ ကျူးလွန်ကြသည်။

ထို့ကြောင့် ယခင်နှစ်က အစီရင်ခံစာနှင့် ၂၀၁၇ တွင် ထပ်ဖြစ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအတွက် သင့်တော်သည့် ကောက်ချက်ကို ရနိုင်ရန် ယခင် အစီရင်ခံစာကို အဓိကပြုစုသူ ရိုဟင်ဂျာရှေ့နေဖြစ်သည့် ရာဇီယာ ဆူလတန်နာအား အကူအညီတောင်းခံ၍ ထုတ်ပြန်လိုက်ပါသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာမှ ဒီဇင်ဘာလအတွင်း မြန်မာလုံခြုံရေးတပ်များ နယ်မြေ ရှင်းလင်း စစ်ဆင်ရေးလုပ်စဉ် မကြာသေးမီက ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှ လွတ်မြောက်လာသူ၊ မျက်မြင်တွေ့ခဲ့ရသူများအား ကုလာတန် သတင်းဌာနက မေးစုံစမ်းခဲ့ပါသည်။ ထိုမေးမြန်းမှုများကို ရာဇီယာ ဆူလတန်နာက လမ်းညွှန်မှုပေးပါသည်။

# စာတမ်းပြုစုပုံ

ဒုက္ခသည် အမျိုးသား ၁၂ ဦး၊  မုဒိမ်းအကျင့်ခံရပြီး လွတ်မြောက်လာသူ အမျိုးသမီး ၈ ဦး အပါအဝင်  အမျိုးသမီးနှင့် မိန်းကလေး ၂၄ ဦးကို ဤစာတမ်းအတွက် မေးမြန်းထားပါသည်။ သူတို့အားလုံးသည် ၂၀၁၇ ဩဂုတ်လ ၂၅ ရက်နေ့နောက်ပိုင်းမှ ဘင်္ဂါလားဒေ့ရှ်သို့ ရောက်လာကြသူများဖြစ်သည်။ သူတို့သည် ရွာပေါင်း ၁၆ ရွာ (မောင်တောမြို့နယ်မှ ၁၂ ရွာ၊ ဘူးသီးတောင်မြို့နယ်မှ ၄ ရွာ) နှင့် မောင်တောမြို့ပေါ်မှ သူများဖြစ်ပါသည်။

သူတို့၏ ပြောပြချက် အပြည့်အစုံ စာရင်းကို နောက်ဆက်တွဲ (၁) တွင် ဖော်ပြပေးထားပါသည်။ ပြောပြသူတို့၏ အသက်၊ လိင်၊ မူရင်းဇာတိတို့ကို ဖော်ပြထားပါသည်။ အမည်များကိုကား ၎င်းတို့၏ လုံခြုံရေးအရ မဖော်ပြထားပါ။

လိင်အကြမ်းဖက်မှုကို ကျူးလွန်သည့် စစ်ဘက်ဆိုင်ရာများကို ဖော်ပြရာတွင် ဒုက္ခသည်များကို ထိုသူတို့၏ အဝတ်အစားအပေါ် မူတည်ပြီး မြန်မာစစ်သားလား (အစိမ်းရောင်စစ်ဝတ်စုံ)၊ နယ်ခြားစောင့်ရဲလား (အပြာရောင် ပျောက်ကြားဝတ်စုံ) ဖြင့် ဆုံးဖြတ်ကြရသည်။ ဝတ်စုံများပေါ်တွင်ရှိသည့် ထင်ရှားသည့် အမှတ်အသားများကိုလည်း မေးမြန်းခဲ့သည်။

အစီရင်ခံစာထဲတွင် "စစ်တပ်" နှင့် "စစ်သား" မှာ မြန်မာစစ်ဘက်ဆိုင်ရာကို ရည်ညွှန်းပြီး ၊ နယ်ခြားစောင့်တပ်ကို (BGF) ဟုညွှန်းဆို ဖော်ပြထားပါသည်။

ရိုဟင်ဂျာရွာများကို မြန်မာလို ပထမဆုံးအကြိမ်၌ ကွင်းထဲတွင် ဖော်ပြထားပြီး နောက်ပိုင်းတွင် ရိုဟင်ဂျာတို့ခေါ်သလို ဖော်ပြထားပါသည်။

# နောက်ခံအကြောင်း

**စစ်တပ်ကို အရေးမယူခဲ့သောကြောင့် ၂၀၁၇ ခုနှစ်တွင် အစုလိုက်အပြုံလိုက် နှိပ်စက်ညှင်းပန်းမှုများကို ဖြစ်ပေါ်စေသည်။**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်နေ့တွင် ရိုဟင်ဂျာတပ်က ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ နယ်ခြားရဲစခန်း ၃ ခုကို တိုက်ခိုက်သည်ဟု စွပ်စွဲပြီးနောက် မြန်မာ စစ်တပ်သည် " နယ်မြေရှင်းလင်းရေး" အကြီးစား စစ်ဆင်ရေးကိုလုပ်၍ မောင်တော မြောက်ပိုင်းရှိ ရိုဟင်ဂျာ အရပ်သားတို့ကို ဦးတည်တိုက်ခိုက်ခဲ့သည်။ ရွာများ မီးရှို့ခံ ရသည်။ ယောကျ်ား၊ မိန်းမ၊ ကလေးများ အသတ်ခံရသည်။ မုဒိမ်းကျင့်မှုများကို လည်း အကျယ်အပြန့် ကျူးလွန်နေသောကြောင့် ဒုက္ခသည် ၇၀၀၀၀ ကျော် ဘင်္ဂါလားဒေ့ရှ်ဘက် ထွက်ပြေးခဲ့ကြရသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်ရုံးက ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ် ပြန်သည့် အရေးပေါ် အစီရင်ခံစာတွင် နယ်မြေရှင်းလင်းရေးလုပ်စဉ် "ကြမ်းတမ်း ရက်စက်စွာ ရိုဟင်ဂျာ ကလေး၊ အမျိုးသမီး၊ အမျိုးသားတို့အပေါ် ပြုကျင့်နေသည်"[၁] ဟု ဖော်ပြထားသည်။ မြန်မာစစ်တပ်ကိုလည်း အစုလိုက် မုဒိမ်းကျင့်မှုများ ကျူးလွန် ခြင်းကြောင့် အပြစ်တင်ထားသည်။

နယ်မြေရှင်းလင်းရေး စစ်ဆင်မှုပြီးနောက် ဘင်္ဂါလားဒေ့ရှ်ဘက် ထွက်ပြေးလာသော ရိုဟင်ဂျာ အမျိုးသမီး ၂၁ ဦး၏ ပြောပြချက်ကို အခြေခံ၍ ကျွန်ုပ်တို့ ထုတ်ပြန်ခဲ့သော "တုန်လှုပ်ချောက်ခြားဖွယ် သက်သေများ" အစီရင်ခံစာတွင် မောင်တောရှိ ရွာပေါင်း ၈ ရွာမှ အနည်းဆုံး အမျိုးသမီးနှင့် မိန်းကလေး ၇၀ မြန်မာလုံခြုံရေးတပ်များ၏ မုဒိမ်းကျင့်ခံရကြောင်း ထင်ရှားသည့် အထောက်အထားများဖြင့် ဖော်ပြခဲ့သည်။ ရွာပြင်တွင် သေနတ်ဖြင့် ချိန်ရွယ်ခါ အမျိုးသမီးများကို စုရုံးစေသည့် အခါများတွင် မည်သို့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို လုပ်ဆောင်ပုံကို ဖော်ပြခဲ့သည်။ သူတို့ကို

အနီးအနားရှိ အိမ်ထဲသို့ခေါ်၍လည်းကောင်း၊ လယ်ထဲ၊ တောထဲသို့လည်းကောင်း၊ စစ်စခန်းများတွင်လည်းကောင်းခေါ်၍ ပြုကျင့်ကြသည်။ မုဒိမ်းကျင့်ခံရသူ အနည်းဆုံး ၆ ယောက် အသတ်ခံရသည်။ တချို့ ဓါးမွှန်းခံရသည် (တစ်ဦးမှာ ရင်သားလှီးဖြတ်ခံရပြီး မိန်းမအင်္ဂါကို လှံစွပ်ဖြင့် ထိုးခြင်းခံရသည်)။ လုံခြုံရေးအရ ရှာဖွေရာတွင် မတော်ရာကိုကိုင်ခြင်း၊ တချို့ကို အတွင်းခံ ဘောင်းဘီချွတ်ခိုင်းကာ ကိုယ်လုံးတီးထားသည်။

မြန်မာလုံခြုံရေး တပ်တို့ကရည်ရွယ်ချက်ရှိရှိ လိင်ပိုင်းဆိုင်ရာအကြမ်းဖက် နှိပ်စက်ညှင်းပမ်းမှုများအကြောင်း ထင်ရှားသည့် သက်သေအထောက်အထားများရှိသော်လည်း မြန်မာအစိုးရနှင့် စစ်ဖက်ဆိုင်ရာတို့က ထိုကျူးလွန်မှုအားလုံးကို အမြဲငြင်းဆိုခဲ့ကြသည်။ ထိုစွဲချက်တို့အတွက် လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးကိုလည်း တားမြစ်ပြီး ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အချက်အလက်ရှာဖွေရေး မစ်ရှင်ကိုလည်း ပြည်ဝင်ခွင့် ဗီဇာမပေးခဲ့ပေ။ ထိုမစ်ရှင်ကို မတ်လ ၂၀၁၇ ခုနှစ်တွင် မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်များ ကျူးလွန်သည့် အမှုများကို စုံစမ်းရန် တာဝန်ပေးခဲ့သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်သည်။

အစိုးရ၏ ရခိုင်စုံစမ်းရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ခေါင်းဆောင်မှာ ဒုသမတ မြင့်ဆွေ (ဗိုလ်ချုပ်ဟောင်း) ဖြစ်သည်။ သူတို့က ၂၀၁၆ ခုနှစ် စစ်ဆင်ရေးအတွင်း မုဒိမ်းမှု အပါအဝင် ပြစ်မှုကျူးလွန်ကြောင်း အထောက်အထားမတွေ့ရဟု ဆိုသည်။ ကော်မရှင်၏ အစီရင်ခံစာကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ယမန်နှစ်က ညှင်းပမ်းနှိပ်စက်မှုကို ကျူးလွန်သည့် စစ်တပ်မှရာဇ ဝတ်ကောင်တို့ကို လုံးဝ အပြစ်လွှတ်ပေးခဲ့သည်။၂

**ထိုမီးစိမ်းပြချက်က ရိုဟင်ဂျာတို့အပေါ် အစုလိုက်အပြုံလိုက် သတ်ဖြတ်မုဒိမ်းကျင့်မှုဆက်လုပ်ရန် ထင်ရှားသည့် အချက်ပြချက်ဖြစ်သည်။ နောက်သုံးပတ်အကြာ ဩဂုတ် ၂၅ ရက်နေ့တွင် ထိုအတိုင်း အတိအကျ လုပ်လာကြတော့သည်။**



# မေးမြန်းတွေ့ရှိချက်များ

**"အကြမ်းဖက်မှု နှိမ်နင်းရေး" သည်အမျိုးသမီးတို့၏လုံခြုံရေးကို ကန့်သတ်ချုပ်ချယ်သည်။**

၂၀၁၇ ခုနှစ် ဩဂုတ်လ မရောက်မီ ရက်သတ္တပတ်များစွာက ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အကြီးစား စစ်အင်အားတည်ဆောက်မှုကိုလုပ်သည်။ ရခိုင်ပြည်နယ်ရှိ မူလစစ်စခန်းများတွင် စစ်အင်အား ထောင်ချီ၍ ချထားသည်။ ပြည်မမှ စစ်တပ်များကို ကျေးရွာအုပ်စုရှိ နယ်ခြားစောင့် ရဲစခန်းများတွင် အင်အားဖြည့်ထားသည်။ ထိုစခန်းတို့မှာ လက်နက်ကိုင် ၁၀၀ ခန့် ရှိပြီးဖြစ်သည်။ ရသေ့တောင် ကမ်းခြေတလျှောက်တွင်လည်း ရေတပ်သင်္ဘောများ ချထားကာ ကမ်းခြေတလျှောက် ကင်းလှည့်နေသည်။[၃]



စစ်တပ်မှ ကင်းလှည့်မှုများ တိုးလုပ်လာသည့် ရိုဟင်ဂျာရွာများတွင် အကွက်ရိုက် ရှာဖွေမှုများလုပ်သည်။ ယခင်နှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်ခဲ့သဖြင့် ထပ်ဖြစ်လာမည်ကို အမျိုးသမီးများက စိုးရိမ်ပူပန်လာသည်။

ထိုအချိန်တွင် အာဏာပိုင်တို့က "အကြမ်းဖက်မှု"အန္တရာယ်ဆိုကာ ကျေးရွာအဆင့် လုံခြုံရေး ကန့်သတ်ချက်များ ချမှတ်လာသည်။ အိမ်တွင်းသုံး ချွန်ထက်သော ပစ္စည်းများကို သိမ်းဆည်းသည်။ လက်နက်အဖြစ် အသုံးပြုမည် ကိုတားမြစ်ရန် မီးဖိုချောင်သုံး ဓါးများကိုပင် သိမ်းသည်။ ဒေသခံ လူထုကို လုံခြုံရေး လုပ်သူတို့က အလွယ်တကူ စောင့်ကြည့်နိုင်ရန်၊ အလွယ်တကူ ဝင်စီးနိုင်ရန် အိမ်များ၏ ခြံစည်းရိုး တို့ကို ဖျက်ဆီးထားသည်။

ဤတားဆီးပိတ်ပင်မှုတို့က အမျိုးသမီးတို့၏ နေ့စဉ် နေထိုင်သွားလာမှုကို အကြီး အကျယ် အနှောက်အယှက်ဖြစ်စေသည်။ သမရိုးကျ အစားအစာ ပြင်ဆင်ရာတွင်ပင် ဓါးမရှိသဖြင့် အတော်အခက်အခဲကြုံရသည်။ တချို့က နီးကျောကို ဓါးအဖြစ် လှီးဖြတ်ရာတွင် အသုံးပြုကြရသည်။ တခြားတစ်ယောက်ကမူ ခေါင်းရိတ်ဓါးကို အသုံးပြုရသည်ဟု ဆိုသည်။

***ရိုဟင်ဂျာရွာများကို ခြံစည်းရိုး မဖျက်စီးမီ တွေ့ရစဉ်***



ခြံစည်းရိုးဖျက်လိုက်သောကြောင့် အမျိုးသမီးများကို အထူးသဖြင့် ထိခိုက်စေသည်။ ခြံစည်းရိုးတွင်း၌ နေထိုင်၍ အိမ်အလုပ်လုပ်ရာတွင် ထုံးစံအရ မျက်နှာ ပုဝါခြုံစရာ မလိုပေ။ ခြံစည်းရိုးမရှိတော့သဖြင့် အမျိုးသမီးတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်မှာ အိမ်တွင်းမှာသာရှိတော့သဖြင့် ယုတ်လျော့သွားတော့သည်။ အိမ်တွင်းမှာသာ နေရတော့သည်။ အနီးအနားရှိ ရေရှိရာ နေရာတွင် ရေချိုးလိုပါက သူတို့၏ မိသားစုဝင်တို့ကို စောင် သို့မဟုတ် အဝတ်ပိုင်းတို့ ကာပေးရန် တောင်းဆိုရသည်။ ရေကိုလည်း မြန်နိုင်သမျှ မြန်မြန်ချိုးရသည်။

ပို၍ ဂုဏ်သိက္ခာချခံရသည်မှာ အိမ်သာတို့၏ အကာအရံများ ဖျက်ဆီးလိုက်ခြင်းပင် ဖြစ်သည်။ အိမ်သာတက် လိုပါက တခြားလူများက အဝတ်ဖြင့် ကာရံပေးကြရသည်။

အိမ်ထဲမှာနေသော်လည်း အမျိုးသမီးများက လုံခြုံသည်ဟု မခံစားရပေ။ တချို့က အိမ်ရှေ့တံခါးကို ဖွင့်ထားကြသည်။ ပိတ်ထားပါက ကင်းလှည့်သည့် စစ်သားတို့က သံသယဝင်ခါ တံခါးကို ဖျက်၍ ဝင်လာမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ လုံခြုံရေးတပ်များ၏ လိင်အကြမ်းဖက်မှု အန္တရာယ်ကို အခါမလပ်ကြောက်ရွံ့စိတ် ဖြစ်ပေါ်စေပါသည်။ အမျိုးသမီးတစ်ဦးက သူမသည် ဩဂုတ်လ ၂၅ ရက် မတိုင်မီ

*အိမ်ခြံစည်းရိုးများကို မြန်မာစစ်သားများ ဖျက်ဆီးနေပုံ။*



ရက်သတ္တပတ်ညများကပင် မအိပ်ဘဲ မည်သည့်အခါ ရုတ်တရက် အတိုက်ခိုက်ခံရမည်ကို စိုးရိမ်နေသည် ဟုဆိုသည်။

အမျိုးသမီး အများအပြားက ပြောပြသည်မှာ - မုဒိမ်းကျင့်မခံရရန်အတွက် ဖြစ်နိုင်သမျှ စိတ်မဝင်စားစေရန် ကြိုးပမ်းနေထိုင်ကြကြောင်း မောင်တော တူလတိုလီ (မင်းကြီး) ရွာမှ မိန်းကလေး တစ်ဦးက သူ့မျက်နှာကို မနက်တိုင်း ပြာနှင့်လူးထားသည်ဟုဆိုသည်။ ဘူးသီးတောင် ဆင်ဦးပြင်ရွာမှာ မိခင်ငယ် တစ်ဦးက သူသည် အဝတ်အစားဟောင်းများသာဝတ်ပြီး ဆံပင်ကို မဖီးဘဲထားကြောင်း၊ မျက်နှာနှင့် လက်တို့ကို ကျပ်ခိုးနှင့် ဖုံများလိမ်းကျံထားကြောင်းပြောသည်။

မောင်တော ဟာဆာဘီးလ် (အထက်ဖြူမ) ရွာက အသက် ၅၀ ခန့်ရှိ အမျိုးသမီးက သူ့အိမ်၏ ကြမ်းပြင်အောက် အထပ်ခိုးလုပ်ထားပြီး စစ်သားများလာပါက ငယ်ရွယ်သည့် အမျိုးသမီးများနှင့် မိန်းကလေးများ ပုန်းအောင်းစေရန်ဟု ဆိုသည်။

## ၂၀၁၇ ခုနှစ် "နယ်မြေရှင်းလင်းရေး" အတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အဆင့်ဆင့်

### (၁) ဩဂုတ်လ ၂၅ ရက် မတိုင်မီ စစ်တပ် အင်အားတိုးချဲ့စဉ်နှင့် "အကြမ်းဖက်မှု နှိမ်နင်းရေး" ကာလအတွင်း မုဒိမ်းမှုများ

ရိုဟင်ဂျာကျေးရွာများတွင်ဩဂုတ်လ၂၅ရက်မတိုင်မီရက်သတ္တပတ်များစွာက လုံခြုံရေး ကင်းလှည့်မှုများ ပိုမိုလုပ်လာသည်။ စစ်သားတို့သည် ရွာတွင်းရှိ အမျိုးသားများကို ထင်သလို ဖမ်း၍ နှိပ်စက်ကာ "အကြမ်းဖက်သမား" ဟု စွပ်စွဲသည်။ အမျိုးသားများက စစ်တပ်လာပြီဆိုသည်နှင့် ပြေးကြရသည်။ သူတို့၏ ရွာအပြင်များတွင် အိပ်ကြရသည်။ ထိုအခွင့်ကောင်းကို ယူ၍ စစ်တပ်က အိမ်များထဲတွင် ကျန်ရှိနေသော အမျိုးသမီးများအား မုဒိမ်းပြုကျင့်သည်။

ဤအစီရင်ခံစာအတွက် မေးမြန်းရာတွင် ဘူးသီးတောင် မြောက်ဖက် တောင်တန်းဒေသရှိ ရွာနှစ်ရွာဖြစ်သည့် ဂူဇီ (ဂုတ်ပီ) နှင့် တမီး (တင်မေ) တွင်ပင် မုဒိမ်းမှု ၆ မှုရှိသည်။

ဤဒေသတွင်းရှိ ယောကျ်ားများမှာ အများအပြား ဖမ်းဆီးနှိပ်စက်ခံရသော ကြောင့် ကြောက်လန့် နေကြရသည်။ ဩဂုတ်လ ၂၅ ရက် မတိုင်မီ နှစ်လခန့်က ဂူဖီရွာသား ၁၅၀ ခန့်ကို စစ်သား ၃၀၀ ကျော်က ဒေသရှိ ကျောင်းရှေ့တွင် စုခိုင်းပြီး စမတ်ဖုန်းနှင့် ကွန်ပြူတာများကို အပ်ခိုင်းသည်။ ၎င်းတို့အား လက်ကို ဦးခေါင်းအနောက်ထားလျက် အတင်းအားဓွမထိုင်ခိုင်းပြီး ရိုက်နှက်ခြင်း၊ ကန်ခြင်းနှင့် မုတ်ဆိတ်များကိုလည်း ဖြတ်ပစ်ခြင်းတို့ ပြုလုပ်ခဲ့သည်။ မျက်စိ ပိတ်၊ ချီနှောင်ပြီး အဝေးသို့ ခေါ်ဆောင်သွားခံရသူ ၇ ဦးလည်းရှိသေးသည်။

တစ်လကြာသောအခါ ရာချီသည့် စစ်သားများ ထိုဒေသသို့ ထပ်မံရောက်ရှိ လာသည်။ ဂူဖီရွာမှ ၁၂ နှစ်အရွယ် ယောကျ်ားလေးငယ် အပါအဝင် အမျိုးသား များကို ထပ်မံဖမ်းဆီးပြီး အနီးရှိ စစ်စခန်းတွင် ချုပ်ထားသည်။ စစ်သားတို့က ၎င်းတို့ကို ဖောက်ထိုးဆွဲကာ ရိုက်နှက်ခြင်း၊ ရေနွေးပူကို ပါးစပ်ထဲသို့ လောင်း ထည့်ခြင်း၊ ဂျိုင်းကြားထဲ ပူနေသော သံချောင်းဖြင့် ထိုးခြင်း၊ လျှပ်စစ်နှင့်လည်း ကိုယ်ပေါ်တို့ခြင်း စသည်တို့နည်းဖြင့် နှိပ်စက်သည်။ အမျိုးသမီးတစ်ယောက် က ၎င်း၏ ဝမ်းကွဲမောင်အား ဆိုင်ကယ်နောက်တွင် ချည်ဆွဲကာ "လမ်းမပေါ် သွေးများ နီရဲနေသည်အထိ" ဆိုင်ကယ်မောင်းသွားမောင်းလာ လုပ်သည်ဟု ဆိုသည်။ နောက်တစ်ယောက်၊ မော်လနာ ဘာဒူလာကို ပါးစပ်ထဲသို့ အဝတ်စ များဆို့ထည့်ကာ အသက်ရှုကြပ်ပြီး သေဆုံးသွားရသည်။ ဖမ်းဆီးခံထားရ သော အာဘူ ဟာကိမ်၏ ဦးခေါင်းကို ၎င်း၏ မိသားစုသို့ ပြန်ပို့လာပေးသည်။

ဤသို့ ညှင်းပမ်းနှိပ်စက်မှုများကြောင့် ယောကျ်ားအများအပြား ထွက်ပြေး ပုန်းအောင်းကြရသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ မုဒိမ်းမှု ပြုကျင့်ခံရခြင်း ပိုမိုဖြစ်စေနိုင်သည်။ ဩဂုတ်လ ၂၅ ရက် မတိုင်မီ တစ်လခန့် အလိုတွင် ၆ နှစ်အရွယ် မိန်းကလေးသည် ရွာအနီး လယ်ကွင်းသို့ ဆိတ်ကျောင်းလာစဉ် သစ်ပင်နောက်၌ ပုန်းနေသော အစိုးရ စစ်သားတစ်စု တို့မှ ဆွဲခေါ်သွားသည်ကို မြင်ရသည်။ ရွာသားများက သူ့ကို ပြန်တွေ့သော အခါ သွေးများ ယိုစီးလျက် ဒဏ်ရာ အပြင်းအထန်ရနေသည်။ ရက်အနည်းငယ် အတွင်း ထိုမိန်းကလေး သေဆုံးသွားသည်။

ဩဂုတ်လ ၂၅ ရက် မတိုင်မီ ရက်အနည်းငယ် အလိုတွင် ဂူဖီရွာရှိ ၂၈ နှစ် အရွယ် အမျိုးသမီးကို အစိုးရစစ်သား ၃ ယောက်က သူမနေအိမ်၌ အစုလိုက်

မုဒိမ်းကျင့်သည်။ သူမက သူ့သားလေးကို စောင့်ရှောက်ရန် ကျန်ခဲ့ခြင်းဖြစ်ပြီး မိသားစုတို့မှာ အနီးရှိ တောင်ပေါ်တွင် ပုန်းအောင်းနေကြသည်။ စစ်သားတို့က တံခါးကို ဖျက်ဝင်လာခါ ယောကျ်ား ဘယ်မလဲ ဟုမေးသည်။သူ့သားလေးကို စစ်သားများက မြေပေါ် လွှင့်ပစ်ခါ သူမကို မုဒိမ်းကျင့်သည်။

ဩဂုတ်လ ၂၅ ရက်မတိုင်မီ တပတ်အလို အနီးနား တမီးရွာရှိ ၂၃ အရွယ် မိခင်တစ်ဦးက သူ့ကို သူမအိမ်ထဲတွင် အစိုးရစစ်သား ၄ - ၅ ယောက်က သူမ၏ကလေး ၃ ယောက်ရှေ့တွင် အစုလိုက် မုဒိမ်းကျင့်ပုံကို ပြန်ပြောပြသည်။ စစ်သားတို့က သူမကိုရိုက်သည်၊ ကန်သည်၊ ပါးနှင့်ဂုတ်တို့ကို ကိုက်သည်။ နောက်တစ်ပတ်အကြာ သူမ၏ရွာ တိုက်ခိုက်ခံရသောအခါ သူမ၏ ယောကျ်ား မှာ ပုံးဆံမှန်၍ သေရသည်။ ၈ လအရွယ် ကလေးမှာ အိမ်တွင်း၌ အရှင် လတ်လတ် မီးလောင်သေဆုံးရသည်။

ဒုက္ခသည် နောက်တစ်ယောက်က ဩဂုတ်လ ၂၅ ရက်နေ့ မတိုင်မီ ရက်အနည်း ငယ်အလိုတွင် တမီးရွာ သူမ ရှိရာအပိုင်း၌ အမျိုးသမီး ၃ ယောက်ကို အုပ်စု လိုက် မုဒိမ်းအကျင့်ခံရပုံ ပြောပြသည်။ စစ်သားတို့ မနက် ၈ နာရီခန့်တွင်လာ သည်။ အိမ်တိုင်းကို ရှာဖွေသည်။ အိမ်ထောင်ရှိ အမျိုးသမီးငယ် ၃ ဦးကို ၎င်းတို့အိမ်ထဲတွင်ပင် မုဒိမ်းကျင့်သည်။ ယောကျ်ားအများစုက ရွာအပြင်တွင် ပုန်းအောင်းနေကြသည်။ သို့သော် အမျိုးသားတစ်ယောက်မှာ ၎င်း၏ ဇနီးကို မုဒိမ်းကျင့် နေစဉ် အိမ်ထဲတွင်ရှိနေသည်။ သူ့ကို ပါးစပ်မှ သွေးထွက်သည့်တိုင် စစ်သားတို့က ရိုက်နက်သည်။ စစ်သား ၅ ယောက်က ၎င်း၏ ဇနီးကို အိမ်တိုင် များမှာ ခြေထောက်ကို ကားစေလျှက် ကြိုးဖြင့်ချည်ကာ တစ်ယောက်တစ်လှည့် မုဒိမ်းကျင့်သည်။ သူမမှာ ပြင်းထန်စွာ ဒဏ်ရာရသဖြင့် ၎င်းအမျိုးသားက အခြားသူများ၏ အကူအညီဖြင့် တောင်ကို ကျော်ဖြတ်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သို့ သယ်ယူသွားရသည်။ သူမသည် ဆေးကုသမှုခံယူရသည်။

## (၂) ဩဂုတ်လ ၂၅ ရက် ရိုဟင်ဂျာရွာများ အတိုက်ခံစဉ်နှင့် နောက်ပိုင်း မုဒိမ်းမှုများ

ဩဂုတ်လ ၂၅ ရက်မနက် စောစောတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေး ကင်းစခန်း ၃၀ ကျော်ကို အာရ်ကာန် ရိုဟင်ဂျာ ကယ်တင်ရေးတပ် (အာဆာ)

(ARSA) က "အကြမ်းဖက်" တိုက်ခိုက်သည်ဟုဆို၍ ထောင်နှင့်ချီသော မြန်မာ စစ်တပ်များ၊ နယ်ခြားစောင့် ရဲများက ရိုဟင်ဂျာရွာများရှိရာ ဒေသတခုလုံးကို ဩဂုတ်လ ၂၅ ရက်နေ့မှ စ၍ ချိန်ကိုက်တိုက်ခိုက်ကြတော့သည်။

စစ်သားအမြောက်အများ ရွာထဲသို့ဝင်လာခါ မြင်သမျှကို ပစ်ခတ်ကြသည်၊ အရပ်သားများကို နှိပ်စက်သတ်ဖြတ်ကြသည်။ အိမ်များကို မီးရှို့သည်။ ရွာသား တို့မှာ လွန်ခဲ့သည့်နှစ်က စစ်တပ်များ နှိပ်စက်ညှင်းပမ်း သကဲ့သို့ ခံရမည်ကို စိုးရိမ်သဖြင့် ကြောက်လန့်တကြား ပြေးကြသည်။ အများစုမှာ ဘင်္ဂါလားဒေ့ရှ် နယ်စပ်ဘက် သို့ပြေးကြသည်။ ရက်သတ္တ ၂ ပတ်အတွင်း လူဦးရေ ၂၇၀၀၀၀ ဘင်္ဂါလားဒေ့ရှ်နိုင်ငံထဲသို့ ထွက်ပြေးခဲ့ကြရသည်။[၄]

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို စစ်ဆင်ရေးစသည့် နေ့မှာပင် အကျယ်အပြန့် ကျူးလွန်ကြသည်။ အမျိုးသမီးနှင့် မိန်းကလေးများကို ဖမ်း၍ အိမ်များထဲတွင် လည်းကောင်း၊ သူတို့ရွာထဲမှ ထွက်ပြေးနေစဉ်လည်းကောင်း၊ ရွာအနီး၌ အစု လိုက် လူအုပ်ကြီးကို ဝိုင်းဖမ်းထားစဉ်လည်းကောင်း မုဒိမ်းကျင့်ကြသည်။။

စတင်တိုက်ခိုက်သည့် ပထမဆုံးနေ့မှာပင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ပွားလာခဲ့သည်။ မောင်တောမြို့မြောက်ပိုင်းရှိ ရွာတရွာဖြစ်သော ဒုံးဗိုက်ရွာမှ ဒုက္ခသည် တစ်ယောက်က အစိုးရစစ်သား ၂၀၀ ခန့် နံနက် ၁၀ နာရီတွင် သူ၏ ရွာထဲ ဝင်လာပုံကို ပြောပြသည်။ သူတို့က ရွာသားတွေကို ပစ်ခတ်သတ် ဖြတ်ကြသည်။ အိမ်များကို မီးရှို့သည်။ အမျိုးသမီး အယောက် ၂၀ လောက် ဝိုင်းဖမ်းပြီး အိမ်များတွင် ခွဲ၍ အစုလိုက် မုဒိမ်းကျင့်ကြသည်။ ထိုအမျိုးသမီး များကို ရွာထဲရှိ အိမ်တစ်ဆောင်ထဲတွင်ထားကာ အရှင်လတ်လတ် မီးရှို့သတ် သည်။ ထိုအထဲတွင် ၎င်း၏ အမျိုးဖြစ်သော အသက် ၁၈၊ ၂၀၊ ၂၂ နှင့် ၂၅ နှစ် အရွယ်ရှိ အမျိုးသမီးများ မုဒိမ်းကျင့်ခံရပြီး အရှင်လတ်လတ် မီးရှို့အသတ်ခံ ရသည်။ အသက် ၅၃ နှစ်ရှိ ၎င်း၏ အစ်မနှင့် တခြားအမျိုးသမီးတို့မှာ အိမ်ထဲ ပုန်းနေစဉ် အိမ်မီးရှို့ခံရ၍ သေဆုံးရသည်။ ရွာပြင်တွင် ပုန်းနေသော ထို အမျိုးသားက မီးလောင်သေဆုံးတော့မည့်သူတို့၏ ထိတ်လန့်ဖွယ် အော်သံများ ကို ကြားခဲ့ရသည်။

ထိုနေ့မှာပင် တောင်ဘက် ၅ မိုင်ကွာရှိ နိုင်ဆာပူရူး (ငါးစာကျူ) ရွာတွင်

သတ်ဖြတ်မှုနှင့် မုဒိမ်းမှုများ ဖြစ်ပွားသည်။ အသက် ၁၅ နှစ်အရွယ် မိန်းကလေး တစ်ယောက်က သူမအိမ်နောက်တွင်ရှိ ခြုံရှိသော ဂမူနောက်တွင် ပုန်းကွယ် ရင်း အစိုးရစစ်သားတို့က အမျိုးသမီး ၇ ယောက်ကို ရွာစွန်တွင် ရက်စက်စွာ မုဒိမ်းကျင့်ပုံကို မြင်ခဲ့ရသည်။ သူမသည် ၆ ရက်ကြာမျှ ပုန်းနေရရာ သူ့အတန်း ဖော် အပါအဝင် အနည်းဆုံး အမျိုးသမီး ၂၀ မုဒိမ်းကျင့်ခံရပြီး မြင်မကောင်း အောင် ကိုယ်ခန္ဓာ အဖြတ်အတောက်ခံရခါ အသတ်ခံရသည်ကို မြင်ခဲ့ရသည်။

ဩဂုတ်လ ၂၇ ရက်နေ့ မောင်တောမြောက်ဘက်ရှိ ရှီကာလီ (ကျောက်ချောင်) ရွာရှိ ရွာသားတ ယောက်ကပြောပြသည်မှာ တောင်ဘက်မှ စစ်သား ၂၀၀ ခန့် ရောက်လာပြီး ရွာကိုဝိုင်းကာ မြင်သမျှ ယောက်ျားတို့ကို ဖမ်းသည်။ လယ်ကွင်း တစ်ခုထဲတွင် မှောက်လျှက်နေစေပြီး စစ်ဖိနပ်များဖြင့် တက်နင်းသည်။ ရိုက်သည်။ စစ်သား ၁၀၀ လောက် ရွာဘက်ကို ပြန်သွားပြီး သူ့ဇနီးအပါအဝင် အမျိုးသမီး အများအပြားကို အိမ်များထဲမှ အဓမ္မခေါ်ထုတ်လာကာ ၂၀၁၆ ခုမှ စ၍ပိတ်ထားသော ရှီကာလီအလယ်တန်းကျောင်းသို့ ခေါ်လာသည်။ အသက် အငယ်ဆုံး ၁၀ နှစ်မျှရှိသည့် မိန်းကလေးများအပါအဝင် အမျိုးသမီးငယ် တချို့ကို ရွေးနုတ်ပြီး ကျောင်းတွင် ညအိပ်ဖမ်းထားသည်။ မည်မျှ မုဒိမ်းကျင့် ခံရသည်ကို မသိသော်လည်း ညအခါတွင် သူတို့၏ အော်သံကို ကြားကြရ သည်။ နောက်နေ့ မွန်းလွဲ ၂ နာရီတွင် အမျိုးသမီးများကို ပြန်လွှတ်ရာ မိန်းကလေး ၃ ယောက်မှာ ပြင်းထန်သော ဒဏ်ရာတို့ကြောင့် လမ်းမလျှောက် နိုင်တော့ပေ။ အဆောက်အဦးထဲမှ ထမ်းခေါ်လာရသည်။

ထိုတနေ့ထည်းမှာပင် ဘူးသီးတောင် မောင်နုရွာကို ဝင်တိုက်စဉ် စစ်သား တစ်စုက အသက် ၁၈ နှစ်ရှိ မိန်းကလေး တစ်ဦးနှင့် တခြားအမျိုးသမီး ၂၀ ခန့် နှင့် မိန်းကလေးများကို ဖမ်းကာ အိမ်လွတ်တခုထဲခေါ်သွားသည်။ ကိုယ်လုံးတီး ချွတ်စေခါ အုပ်စုလိုက် မုဒိမ်းကျင့်ကြသည်။

မောင်တော မြောက်ပိုင်းရှိ တူလာတိုလီရွာကို ဩဂုတ် ၃၀ တွင် အစိုးရစစ်သား ၄၀၀ ခန့်က တိုက်ခိုက်ရာ ခန့်မှန်းခြေ အမျိုးသမီးနှင့် မိန်းကလေး ၁၀၀ ကျော် အစုလိုက် မုဒိမ်းကျင့်ခံရပြီး အများအပြား အသတ်ခံရသည်။ (အသေးစိပ်ကို နောက်ပိုင်းတွင် ကြည့်ပါ)


## ခန္ဓာကိုယ်ကို ကိုယ်တွယ်ခြင်း၊ ကိုယ်လုံးတီးနေခိုင်းခြင်း။

၂၀၁၆ ခုနှစ်က ပြုလုပ်သော နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးကဲ့သို့ မြန်မာစစ်သားများသည် အဖိုးတန်ပစ္စည်းတို့ကို လုယက်ရာတွင် အမျိုးသမီးတို့၏ ကိုယ်ခန္ဓာကို ကိုင်တွယ်ခြင်း၊ အဝမ္မကိုယ်လုံးတီး ချွတ်ခိုင်းခြင်းတို့ ပြုကျင့်သည်။

မောင်တောမြို့အနီးရှိ ဟဒိရ်ဘီလ် (ညောင်ချောင်း) ရွာမှ ၁၅ နှစ်အရွယ် မိန်းကလေးငယ်က ပြောပြသည်မှာ ဩဂုတ်လ ၂၅ ရက်နောက်ပိုင်း သူတို့ရွာကို တိုက်ခိုက်နေစဉ် အမျိုးသားနှင့် အမျိုးသမီး ခွဲခြားလိုက် သည်။ အမျိုးသမီးများကိုယ်ကို ရှာဖွေပြီး ငွေနှင့် တန်ဖိုးရှိပစ္စည်းတို့ကို ယူသည်။ ထိုအချိန်၌ စစ်သားတို့က သူမ၏ ရင်သားနှင့် မိန်းမအင်္ဂါကို ကိုင်ညှစ်သည်ဟုဆိုသည်။

ဩဂုတ်လ ၂၇ ရက်နေ့ ဘူးသီးတောင်ရှိ မောင်နုရွာတွင် ဘာသာရေး ဆရာတစ်ယောက်သည် အိမ်ထဲ၌ ပုန်းနေစဉ် စစ်သား အယောက် ၅၀ လောက်က အယောက်၂၀ လောက်ရှိ အမျိုးသမီးတို့၏ အဝတ်အစား များကို ဆုပ်ဖြဲပြီး တန်ဖိုးရှိ ပစ္စည်းများရှာဖွေသည်ကိုမြင်ခဲ့ရသည်။ ထိုအမျိုးသမီးတို့ကို ကိုယ်လုံးတီးဖြင့် ရပ်ခိုင်းထားသည်။ ကိုယ်ကို ဖုံးမိရန် ထိုင်၍ အဝတ်ယူပါက ကန်ကျောက်ခံရပြီး အတင်း ပြန်ရပ် ခိုင်းသည်။

## သက်သေတွေ့ရှိသူတို့ပြောဆိုချက်အရ ၂၀၁၇ ခုနှစ် ဩဂုတ်လ နောက်ပိုင်း အမျိုးသမီးများ မုဒိမ်းကျင့်ခံရသည့် မောင်တောမြို့ပေါ်ရှိ မြန်မာစစ် စခန်းများ



## ၃။ မောင်တောမြို့ပေါ်ကို စစ်တပ်က ပိတ်ဆို့ထားစဉ် မုဒိမ်းမှု

*"စစ်သားတွေ သူ့မအိမ်ထဲ ဝင်သွားတာ ကျမတွေ့တယ်။ ကျမအိမ်ထဲ ကနေ ချောင်းကြည့်နေတယ်။ သူမကငိုနေတယ် ဒါပေမဲ့ ဖမ်းတာဘဲ။ စစ်သားကများတော့ ဘယ်နှစ်ယောက်လည်း မရေတွက်နိုင်ဘူး။ စစ်သားတွေ သူတို့ မိသားစုကို ရိုက်တယ်။ သူ့အဓကို ကိုလည်းရိုက်တယ်။ သူမ ပြန်မလာဘူး။ သူမကို သုံးရက် ခေါ်ထားတယ်လို့ ကြားတယ်။"*
*(ရပ်ကွက် ၅ မှ အသက် ၁၅ နှစ်အရွယ် မိန်းကလေးငယ်မှ အိမ်အနီးရှိ အမျိုးသမီးနှစ်ယောက်အား ခေါ်သွားခြင်းကို မြင်တွေ့ရသည့်အကြောင်း ထွက်ဆိုချက်၊ ခေါ်ဆောင်သွားခံရသော အမျိုးသမီးတစ်ယောက်မှ အသက် ၂၀ နှစ်ဖြစ်ပြီး အိမ်ထောင်မကျသေးသူဖြစ်ကြောင်း)*

ဩဂုတ်လ ၂၅ ရက်နေ့မှစ၍ မောင်တောမြို့ကို စစ်သားရာပေါင်းများစွာက ထိန်းချုပ်ထားချိန်တွင် အမျိုးသမီးများအား ဖမ်းဆီးပြီး မုဒိမ်းကျင့်သည်ကို ပြောပြသည့် ဒုက္ခသည်တချို့ရှိသည်။ အမျိုးသမီး ၁၄ ဦးကို သူတို့နေအိမ်များမှ ဖမ်းသည်။ ၁၂ ဦးကို ရပ်ကွက် ၅ ရှိ ယာယီစစ်စခန်းတွင် မုဒိမ်းကျင့်သည်။ အရှေ့တောင်ဘက်ရှိ ပိုဝေးသော ဆစ်ဒဖါရာ (မြို့မကည်းတန်း) ရပ်ကွက်တွင် အမျိုးသမီး ၄ ဦး အစုလိုက် မုဒိမ်းကျင့်ခံရပြီး ၎င်းတို့ထဲမှ ၂ ဦး အသတ်ခံရသည်။

ဩဂုတ်လ ၂၅ နေ့တွင်တွင် စစ်သား ၅၀၀ ခန့် ကို နေရာနှစ်ခုတွင် စခန်းချထားပြီးဖြစ်သည်။ မြို့အနောက်ဘက်ရှိ အစိုးရ အလယ်တန်းကျောင်းနှင့် မြို့အရှေ့ဘက်ရှိ အလိုတော်ပြည့် ဘုန်းကြီး ကျောင်း ဝန်းတွင် ဖြစ်သည်။ တင်းကြပ်သည့် ညမထွက်ရ အမိန့်ထုတ်ထားသည်။ ဩဂုတ်လ အလည်ပိုင်းမှစ၍ ညနက်တိုင်း မြို့ပေါ်တွင် ဒရုန်း ပျံနေသည်ကိုတွေ့ရသည်။

ဩဂုတ်လ ၂၅ ရက်နေ့ နံနက်တွင် စစ်တပ်မှ လက်ဖြောင့်တပ်သားများကို အဓိက လမ်းမကြီး တလျှောက်ချထားခါ သတိပေးသည့် အချက်ပေးပစ်ခတ်မှုများလုပ်၍ လူထုကို အိမ်ထဲ၌ နေစေသည်။ စစ်သားတွေက အိမ်တွေကို ဝင်ရှာသည်၊ အမျိုးသမီးများကို ခေါ်သွားပုံမြင်ရသည်။

ရပ်ကွက် ၅ စစ်တပ်စခန်းချသည့် နေရာအနီးတွင်နေသော အသက် ၁၉ နှစ်ရှိ အမျိုးသမီးတစ်ဦးက ပြောပြသည်မှာ - စစ်သားများက ရပ်ကွက်လူကြီး ဖော်ယာစ်ကိုခေါ်၍ မိန်းမရှာခိုင်းကြောင်းကြားရသည်။ စစ်သားတို့က "ငါတို့ ပင်ပန်းလာတယ်။ ဖြေဖျော်ဖို့ မိန်းမလိုတယ်။" လို့ပြောသည်။ ရပ်ကွက်လူကြီး လည်း ထွက်ပြေးပုန်းအောင်းသွားရာ စစ်သားများက အိမ်များထဲမှ အမျိုးသမီး များကို ဖမ်းကာ ရပ်ကွက် ၅ ရှိ အသုံးမပြုတော့သည့် ကျောင်းမှ သူတို့ ယာယီစစ်စခန်းသို့ ခေါ်သွားသည်။ (ထိုကျောင်းကို ယခင်က UNHCR မှ ထောက်ပံ့ခဲ့သည်)။ အမျိုးသမီး ၁၂ ယောက် ကို ခေါ်သွားသည်။ ထိုအထဲတွင် ၎င်း၏ အသက် ၁၉ နှစ်ရှိ ညီမဝမ်းကွဲလည်းပါသွားသည်။ သူ့ညီမသည် ပြန်မလာတော့ပေ။ စက်တင်ဘာလ ၁ ရက်နေ့တွင် သူမကိုယ်တိုင် ဗိုက်ကို စစ်သားများ၏ ကန်ခြင်းခံရသည်။ ၈ လ ရှိသော ကိုယ်ဝန်မှာ ပျက်ကျသွားသည်။

ဩဂုတ်လ နောက်ပိုင်း မြို့လယ်ကို ဖြတ်ပြေးလာသော အမျိုးသမီးတစ်ဦးက လမ်းတွင် အမျိုးသမီး ၄ ဦး စစ်သား ဖမ်းထားသည်ကို တွေ့ခဲ့သည်ဟုဆိုသည်။

မောင်တောမြို့ အရှေ့တောင်ဘက်ရှိ ဆစ်တာဖါရာရွာတွင် ဩဂုတ်လ နောက်ပိုင်း၌ စစ်သားတို့က အနည်းဆုံး အမျိုးသမီး ၄ ဦးကို ၎င်းတို့ အိမ်ထဲတွင် အုပ်စုလိုက်မုဒိမ်း ကျင့်သည်။ တစ်ယောက်မှာ သူ့ခင်ပွန်း နှင့်အတူ ဓါးနှင့် ထိုးသတ်ခံရသည်။ တစ်ဦးမှာ ညှင်းပမ်းနှိပ်စက်ခံရပြီး မိန်းမအင်္ဂါထဲ အိပ် ထည့်သွင်းခြင်းခံရ၍ သေဆုံးသည်။ တချိန်ထည်းတွင် အစုလိုက် မုဒိမ်းကျင့် ခံရသော သူမ၏ ညီမက

*"ကျမ ညီမတဝမ်းကွဲအိမ်ကို စစ်သားတချို့လာတာတွေ့လိုက်တယ်။ သူက ရေချိုးခန်းအပြင်မှာ ရင်လျှားနဲ့၊ သူ့ကို အိမ်ထဲ အတင်းခေါ်သွား တယ်။ သူ့ယောကျ်ားကလည်း အိမ်ထဲအတင်းဝင်ဖို့လုပ်တော့ စစ်သားတွေက ဆွဲထားတယ်။ ဒီတော့ ကျမလည်း ဘာလုပ်ရမှန်း မသိတာနဲ့ ပါးစပ်က အော်လိုက်တယ်။ ဒီတော့ စစ်သားတွေက ကျမဆီ လာရော၊ ကျမက တံခါးကို ပိတ်လိုက်တယ်။ သူတို့က တံခါးကို ဖျက်ပြီး ဝင်လာတယ်။ စစ်သား ၂ ယောက်က ကျမ လက်မောင်းကို ချုပ်ကိုင် ထားပြီး ကျမကလေး ၃ ယောက်ရှေ့မှာ ကျမကို မုဒိမ်းကျင့်ကြတယ်။ နောက်တော့ စစ်သားတစ်ယောက်က ကျမကို ဓါးနဲ့ထိုးတော့ လက်နဲ့*

*ကာလိုက်တာ လက်ကို ထိုးမိသွားတယ်။ ၅ ချက်ချုပ်ရတယ်။ သူတို့ ကျမကို မသတ်ဘူး။ ကျမ ညီမအိမ်မှာ လူတွေက ဝိုင်းနေလို့ပေါ့။ သူတို့ ထွက်သွားကြတယ်။ နောက်တော့ သွေးတွေနဲ့ ကျမညီမနဲ့ သူ့ယောက်ျား အလောင်းကို တွေ့ရတယ်။ သူ့မိန်းမအင်္ကျီမှာ အိတ်ထည့်ထားတယ်။ သူမရဲ့ ၆ လအရွယ် ကလေးကိုလည်း နင်းသတ်ထားတာတွေ့ရတယ်။"*

## ၄။ မေယုတောင်တန်းပေါ် ဖြတ်ပြေးစဉ် အမျိုးသမီးများကို မုဒိမ်းကျင့်မှု

ဘင်္ဂါလားဒေ့ရှ် နယ်စပ်သို့ ရောက်ရန် မေယုတောင်တန်းကို ဖြတ်ပြေးစဉ် ဘူးသီးတောင်မှ အမျိုးသမီးများစွာကို လုံခြုံရေး တပ်များက ဖမ်း၍ မုဒိမ်းကျင့်ပုံအကြောင်း သက်သေများက ပြန်ပြောပြကြသည်။

ဩဂုတ် ၂၅ ရက်နေ့ ဘူးသီးတောင်ကို စတိုက်သည့်နှင့် လူအုပ်လိုက် အနောက်ဘက်ကို ထွက်ပြေးကြသည်။ အဖမ်းခံရမည် စိုး၍ အဓိကကျသော လမ်းမများကို ရှောင်ကွင်းပြေးကြသည်။ အခက်အခဲကိုမမှုဘဲ အသက်ကြီးငယ် တို့ကို မေယုတောင်တန်း၏ ခက်ခဲမတ်စောက်သည့် လမ်းကိုရွေး၍ သယ်ယူသွားကြသည်။ လက်ဝဲထပ် ပုဖွန်ချောင်းရွာမှ ဒုက္ခသည်တစ်ဦးက ပြောပြသည်မှာ - မိခင်ဖြစ်သူ တစ်ယောက်က သူ့ကလေးငယ်ကို ရင်ခွင်တွင် အဝတ်နှင့် သိုင်း၍ လွယ်ကာ ချောက်ကမ်းပါးတို့ကိုတက်စဉ် ကလေးကို ဖိမိသဖြင့် သေဆုံးရသောကြောင့် ပူဆွေးသောကဖြစ်ရကြောင်း ပြောပြသည်။

ထောင်ချီသော ရွာသားများ တောင်ထူသည့်လမ်းကို ရွေးပြေးစဉ် မြန်မာစစ်သားတို့က လမ်းလာပိတ်ကြသည်။ ဩဂုတ်လ နောက်ဆုံးပိုင်းတွင် ဘူးသီးတောင်နှင့် မောင်တောအကြား ဖြတ်လမ်း ၆ ခု တခုဖြစ်သော ဖါတီယာ လမ်းကို စစ်တပ်က ပိတ်လိုက်သည်။

ပြေးလာသူထဲတွင် အသက် ၆၀ အရွယ် အဖွါးအိုတစ်ဦးလည်းပါသည်။ သူ့ပြောပြချက်အရ - ရွာသား တွေကို သေနတ်နှင့် ချိန်ပြီး လယ်ကွင်းထဲတွင် စုထားသည်။ တချို့ အသတ်ခံရသည်။ (သူ၏ သားမက်မှာ ဓါးဖြင့် လှီး၍ အသတ်ခံရသည်။) သူ၏ ၁၆ နှစ်အရွယ် သမီး "ဟာဆီနာ" ကို စစ်သား ၅



*ဒုက္ခသည်တို့ ဘင်္ဂါလားဒေ့ရှ်သို့ ပြေးလာရာတွင် ဖြတ်လာရသော မေယုတောင်*

ယောက်က လူစုထဲမှခေါ်ကာ လူအများရှေ့တွင် အစုလိုက် မုဒိမ်းကျင့်သည်။ ထိုသို့ပင် တခြားပေါင်းများစွာသော အမျိုးသမီးနှင့် မိန်းကလေးတို့ကိုလည်း လုပ်သည်။

ထိုနောက် ဟာဆီနာနှင့် တခြား အမျိုးသမီးနှင့် မိန်းကလေး ၁၀ ယောက်ခန့်ကို စစ်သားများက အနီးရှိ စစ်စခန်းသို့ ခေါ်သွားသည်။ ဟာဆီနာ အမေက လမ်းဘေးတွင် ငိုရင်းစောင့်နေသည်။ နှစ်ရက်ကြာမှ ဟာဆီနာပြန်လာသည်။ သူမကို စစ်စခန်းတွင် ထပ်မုဒိမ်းကျင့်ကြောင်းပြောပြသည်။ သူတို့ တောင်ကို ဆက်လက် ကျော်ဖြတ်ကြသည်။ ပြေးလာသော ရွာသားများ ဦးရေ များပြားလာသဖြင့် စစ်သားများ ပိတ်ဆို့ခြင်းကို ရုတ်သိမ်းလိုက်သည်။

မောင်တော - ဘူးသီးတောင် ကားလမ်းမ မြောက်ဖက် ကီလိုမီတာ ၃၀ အကွာ တောင်ဘက်ရှိ ဘိရ်ဇီးတောင်ကြား ဖြတ်လမ်းတွင် အစိုးရစစ်သားတို့က မိန်းမပျို နှစ်ယောက်ကို ဖမ်းသည်။ သူတို့သည် စက်တင်ဘာလလယ်က ဘူးသီးတောင်မြို့နယ် တပ်မျာဟာလီ (တပ်မင်းချောင်း) ရွာရှိ သူတို့အိမ်မှ

ပြေးလာကြသူများ ဖြစ်သည်။ စစ်သားတို့က အမျိုးသမီးတစ်ယောက်၏ ကလေးနှစ်ယောက်ကို သတ်ပစ်သည်။ သူတို့နှစ်ယောက်ကို အနီးရှိ တပ်စခန်း (ကျောင်ဖြူတောင်ရွာ အောင်မင်္ဂလာ စခန်းကြီးဖြစ်နိုင်) ကို ခေါ်သွားသည်။ စခန်းမှာဘူးသီးတောင် ဘိရ်ရှီး လမ်းနှင့်ကပ်နေသည်။

အမျိုးသမီးနှစ်ယောက်ကို စခန်းတွင် မုဒိမ်းကျင့် သည်။ ၆ ရက်ထားသည်။ တစ်ဦးမှာ ရင်ဘတ်ကို ဓါးနှင့်ထိုးခံရသည်။ လွန်လာသောအခါ သူတို့ ဘိရ်ရှီး လမ်းကိုဖြတ်၍ မောင်တော အရှေ့ဘက် ဇူလာပါရာရွာ စပ်သို့ရောက်သည်။ ဓါးထိုးခံရသော အမျိုးသမီးဒဏ်ရာမှာ ရင်းလာ၍ဆက်မလျှောက်နိုင်တော့ပေ။ ရွာသားတို့ အမျိုးသမီးနှစ်ဦးစလုံးကို ခေါ်ကာ ဓါးထိုးခံရသူကို ကြိုးစား၍ ကု သည်။ သို့သော် နောက်နေ့တွင် သူမ သေသွားသည်။ ဤဖြစ်ရပ်မှာ ထိုအမျိုး သမီး ကို ပြုစုသော ဇူလာပါရာမှ ရွာသားကြီးက ပြောပြခြင်းဖြစ်သည်။ ထိုလူ ကြီးသည်လည်း ဇူလာပါရာရွာ အတိုက်ခံရပြီး မီးရှို့ခံရကာ သူ့ညီမသည် မီးထဲ အရှင်လတ်လတ် ပါသွားခဲ့ရသည်။ တပတ်အကြာတွင် ထိုရွာမှ ထွက်ပြေးလာ သူ ဖြစ်သည်။

## မုဒိမ်းကျင့်ခြင်းကို အစီအစဉ်ရှိရှိစနစ်တကျ အကောင်အထည်ဖော် လုပ်ဆောင်ခြင်း

၂၀၁၇ ခုနှစ် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးတွင် မြန်မာစစ်တပ်သည် ရိုဟင်ဂျာ လူထုအပေါ် မုဒိမ်းကျင့်ခြင်းကို စနစ်တကျ အကောင်အထည်ဖော်ကျင့်သုံး ခဲ့ကြောင်း ကုလာတန် သတင်းဌာနမှ စုဆောင်းရရှိသည့် အထောက်အထားအရ အခိုင်အမာတွေ့ရှိသည်။ အောက်ပါစာစုများတွင်ဖော်ပြထားသည်။

### ၁။ မုဒိမ်းမှုများ အကျယ်အပြန့် ဖြစ်ပေါ်ရခြင်း

၂၀၁၇ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလ နှစ်လအတွင်း ရာပေါင်းများစွာသော မြန်မာစစ်သားတို့က တခြားစီဖြစ်သော နေရာ ၁၇ ခု၊ မောင်တောမြို့နှင့် မောင်တော တဝှမ်း ရွာ ၁၁ ရွာ ၊ တခြား ၄ ရွာနှင့် ဘူးသီးတောင် မြောက်ပိုင်း တောင်ကြားလမ်း ၂ ခုတို့တွင် မုဒိမ်းမှု များကျူးလွန်ကြောင်း ဒုက္ခသည်တို့က သက်သေထွက်ချက် ဆိုကြသည်။ ထိုအဖြစ်အပျက်များအတွင်း အမျိုးသမီးနှင့် မိန်းကလေး ၃၀၀ ကျော် မုဒိမ်းကျင့်ခံရသည်။

နေရာ အနှံ့အပြားတွင် ရာပေါင်းများစွာသော စစ်သားတို့က ကျယ်ကျယ်ပြန့်ပြန့် မုဒိမ်းမှု ကျူးလွန်ကြခြင်းတို့က အထက်အမိန့်ပေး အာဏာပိုင်တို့ကို လက်ညှိုး ညွှန်ပြနေသည်။

### ၂။ စစ်စခန်းများထဲတွင် မုဒိမ်းကျင့်ခြင်း

နေရာ ၅ ခုတွင် အမျိုးသမီးများနှင့် မိန်ကလေးတို့ကို စစ်စခန်းထဲ အဓမ္မခေါ်ခဲ ၂ ပတ်ကြာသည်အထိ အစုလိုက် မုဒိမ်းကျင့်ကြသည်။ ဤသည်မှာ စခန်းအရာရှိတို့၏ ခွင့်ပြုချက် မရှိဘဲ ဖြစ်နိုင်စရာ အကြောင်း မရှိပေ။

မုဒိမ်းကျင့်သည် စခန်းများထဲမှ ၂ ခုမှာ မောင်တော မြောက်ပိုင်းရှိ ချိန်ကလီ စခန်းနှင့် မောင်တောမြို့က စခန်းပင် ဖြစ်သည်။ နောက်စခန်း ၃ ခုမှာ ဘူးသီးတောင် မြောက်ပိုင်းတွင်ရှိပြီး တခုမှာ ဂူဇီရွာထဲရှိ ယာယီစစ်စခန်းလုပ်ထားသည့်ရွာကျောင်း၊ ဖါတီးယာ တောင်ကြားလမ်း အနီးရှိ စခန်း၊ ဘရီဇာ တောင်ကြားလမ်း (အထက်တွင်



*မောင်တောတွင် မြန်မာစစ်သားများ ကင်းလှည့် နေပုံ။*

အသေးစိပ် ခေါ်ပြခဲ့ပြီးသော မေယုတောင်ကို ဖြတ်ပြေးသည့်အမျိုးသမီးများ အဖမ်းခံရသည့် နေရာ) အနီးရှိ စခန်းဖြစ်သည်။

အဖြစ်အပျက်တခုမှာ မြန်မာစစ်သားများက အမျိုးသမီးတစ်ဦး၏ မိသားစုကို သူမအား စခန်းမှ လွှတ်ရန်အတွက် ငွေညှစ်သည်။ မောင်တောမြောက်ပိုင်းရှိ ရှိကလီမှ အသက် ၁၈ နှစ်ရှိ အမျိုးသမီးသည် ဩဂုတ်လ စောပိုင်းတွင် အာဆာနှင့် အဆက်အသွယ်ရှိသည်ဟု သံသယနှင့် အဖမ်းခံရသည်။ သူမကို စစ်စခန်းတွင် ဖမ်းပြီး အစုလိုက် ၂ ပတ်ကြာမှ မုဒိမ်းကျင့်သည်။ သူမ၏ မိဘတို့က ငွေအမြောက်အများ ပေးမှ သူမကို လွှတ်ပေးသည်။ ထိုနောက် မိသားစု တစ်စုလုံး ဘင်္ဂါလားဒေ့ရှ်ကို ထွက်ပြေးကြသည်။

အနည်းငယ်သာ စစ်စခန်းကြီး နှစ်ခုနှင့် ဝေးသည့် မောင်တောမြို့ ရပ်ကွက် ၅ တွင် အရှက်မဲ့စွာ အမျိုးသမီးများကို ပြောင်ဖမ်း၍ ယာယီစစ်စခန်း၌ မုဒိမ်းကျင့်သည် (အထက်တွင် အသေးစိပ်ဖေါ်ပြပြီး)။ ဤသည်မှာ အထက်က ခွင့်ပြုကြောင်း ထင်ရှားသည်။

## ၃။ အစုလိုက် မုဒိမ်းကျင့်ခြင်း
ကုလာတန်သတင်းဌာနမှ ရရှိသည့် မှတ်တမ်း အားလုံးနီးနီးမှာ စစ်သားများ အစုလိုက် မုဒိမ်းကျင့်မှုများဖြစ်သည်။ အမျိုးသမီးနှင့် မိန်းကလေးများကို ရိုက်နက်သူ၊ ချုပ်ကိုင်ပေးသူ၊ ကြိုးချည်သူ၊ အလှည့်ကျ မုဒိမ်းကျင့်သူများ ပါဝင်သည်။ အမှုအများစုမှာ ရွာတွေကို တိုက်ခိုက်စဉ် ဖြစ်သည်။ တခြားစစ်သားများရှေ့တွင် ပြောင်ကျူးလွန်ကြခြင်းဖြစ်သည်။

နေရာအနှံ့အပြားက စစ်သားများက မုဒိမ်းမှုကျူးလွန်ရန် ဆန္ဒရှိကြခြင်း - သူတို့စစ်သား အပြစ်လုပ်သည်ကို အားပေးခြင်းတို့က ဤပြစ်မှုအတွက် အရေးယူခံရဖွယ်မရှိကြောင်းယုံကြည်ကြပုံ ထင်ရှားသည်။ ဤသည်မှာ မုဒိမ်းကျင့်ခွင့်ကြောင့်ဖြစ်သည်။

စစ်သားများသည် ကိုယ်ခန္ဓာကို မုဒိမ်းကျင့်သည်သာမဟုတ် အမျိုးသမီးများနှင့် မိန်းကလေးတို့ကို သူတို့ရှေ့တွင် လုံးတီးလျှောက်ခိုင်းခြင်း ငွေဖြင့် ပစ်ပေါက်ခြင်းဖြင့်လည်း ဂုဏ်သိက္ခာ ကျဆင်းစေသည်။ မုဒိမ်းကျင့်ခံရပြီး လွတ်မြောက်လာသည့် ဘူးသီးတောင်မြောက်ပိုင်းမှ အသက် ၁၈ နှစ်အရွယ် မိန်းကလေးနှစ်ဦး - တစ်ဦးက မောင်နုရွာမှာ ဖြစ်ပြီး၊ တစ်ဦးက ဂူဇီရွာအနီးက စစ်စခန်းတွင်ဖြစ်သည်။

မောင်နုရွာမှ မိန်ကလေးက ပြောပြသည်မှာ - စစ်သားတစုက ရွာတွင် သူ့ကို ဖမ်းပုံ၊ သေနတ်ဒင်နှင့်ရိုက်ပြီး အနီးရှိအိမ်အလွတ်ကိုခေါ်သည်၊ ကိုယ်ခန္ဓာကို ကိုင်တွယ်သည်၊ အဝတ်ချွတ်ခိုင်းသည်။ စစ်သားများရှေ့တွင် သူမကို ကိုယ်လုံးတီး လမ်းလျှောက်ခိုင်းသည်။ လမ်းလျှောက်စဉ် ဝိုင်းရယ်ကြပြီး ပိုက်ဆံဖြင့် ပေါက်ကြသည်။ သူမက စစ်သား ၂ ဦး၊ ၃ ဦးမှာ ဒေသခံတပ်မှ ဖြစ်သည်ဟုဆိုသည်။ (ဖြစ်နိုင်သည်မှာ - ခမရ (၅၆၄) ဖြစ်နိုင်သည်။ )

ဂူဇီရွာမှ ဒုက္ခသည် ကလေးမက - သူနှင့် တခြား မိန်းမပျို ၁၂ ဦး ခန့် ရွာထဲမှ ဖမ်းသွားပြီး ယာယီစစ်စခန်း (ရွာထဲရှိကျောင်း) ခေါ်သွားသည်။ သူတို့ကို အစုလိုက် မုဒိမ်းကျင့်ပြီး တခြားမုဒိမ်းသမားများရှေ့တွင် ကိုယ်လုံးတီး လမ်းလျှောက်ခိုင်းသည်။ ပိုက်ဆံနှင့် ပေါက်ယုံသာမက ဓါတ်ပုံလည်းရိုက်သည်။ လွှတ်ပေးသောအခါ သူမသည်

ဒဏ်ရာများကြောင့် မူးလဲကျခဲ့သည်။ ဘင်္ဂါလားဒေ့ရှ် ဆေးရုံတွင် တစ်လကြာ ဆေးကုသခံယူရသည်။ သူမကို မေးမြန်းရာတွင် သူမက - အိမ်မက်ဆိုးများကြောင့် အိပ်မပျော်ကြောင်း၊ သူမခါတ်ပုံများ ပြန့်နှံ့မည်ကို ပူပန်သောက ရောက်နေသည်။

## ၄။ လူမြင်မည်ကို မကြောက်ခြင်း

နေရာအများစုတွင်ဖြစ်သော မုဒိမ်းမှုတို့မှာ အရပ်သားများရှေ့တွင် ကျူးလွန်ကြခြင်း ဖြစ်သည်။ မုဒိမ်းကျင့်ခံရမည့် အမျိုးသမီးများရှေ့၊ မိသားစုများရှေ့၊ ရွာသားလူအုပ်ကြီးများရှေ့တွင် လုပ်ပြသည်။ ဥပမာ - ဖါတီယာ တောင်ကြားလမ်းတွင် ပြေးလာသည့် ရွာသားတို့ကို လယ်ကွင်းတခုတွင် အဝမ္ဗ စုရုံးစေလျှက် သူတို့၏ ရှေ့တွင် အမျိုးသမီးပေါင်းများစွာကို အစုလိုက် မုဒိမ်းကျင့်ပြသည်။

ဤအချက်ကလည်း သူတို့ကျူးလွန်သည့် ပြစ်မှုများအတွက် သူတို့ကို အပြစ်ပေး ခံရမည် မဟုတ်ကြောင်း ယုံကြည်ပုံ ပြသပေသည်။

## ၅။ မိန်းကလေးငယ်များကို ပြောင်မုဒိမ်းကျင့်ခြင်း

မုဒိမ်းကျင့်ခံရသော သူအများအပြားမှာ မိန်းကလေးများဖြစ်သည်။ ပြင်းပြင်းထန်ထန် ဒဏ်ရာကိုလည်း ခံစားရသည်။ အထက်တွင် ဖေါ်ပြခဲ့သော ဘူးသီးတောင် ဂူဇီရွာအနီးတွင် စစ်သားများက အစုလိုက် မုဒိမ်းကျင့်သဖြင့် ၆ နှစ်အရွယ် မိန်းကလေးမှာ နောက်ပိုင်းတွင် သေဆုံးသွားသည်။ မောင်တောရှိ အင်ဒင်းရွာ လယ်တွင် အဖေအသတ်ခံရသည်ကို မြင်ရပြီးနောက် ၁၀ အရွယ်မိန်းကလေးမှာ စစ်သားများ၏ အစုလိုက် မုဒိမ်းကျင့်ခံရသည်။ အသက် ၁၀ နှစ်သာရှိသော မိန်းကလေးများအပါအဝင် အမျိုးသမီး ဆယ်ပေါင်းများစွာသည် မောင်တောမြောက်ပိုင်းရှိ ရှီကလီရွာတွင် ညပိုင်း၌ မုဒိမ်းကျင့်သည်။ ဒဏ်ရာမှာ ပြင်းထန်လွန်းသဖြင့် လမ်းပင် မလျှောက်နိုင်တော့ပေ။

ဤသို့ မိန်းကလေးများကို ပြောင်ကျကျ အပြစ်ကျူးလွန်နေခြင်းသည် အရေးယူ မခံရမည်ကို သိ၍ ဖြစ်ပေသည်။

## ၆။ မုဒိမ်းကျင့်ခံရသူများကို မကြာခဏ နှိပ်စက်ခြင်း၊ ကိုယ်ခန္ဓာကို လှီးဖြတ်ခြင်းနှင့် သတ်ခြင်း

မုဒိမ်းကျင့်ခံရသူများသည် တခြားရက်စက်မှုကိုလည်း ခံရသည်။ ပါးစပ်ဖြင့် ကိုက်ခြင်း အပါအဝင် ရက်ရက်စက်စက် နှိပ်စက်သည်၊ ရိုက်နှက်သည်၊ ဓါးဖြင့်လှီးသည်၊ မီးနှင့်ရှို့သည်။ ရွာ ၁၁ ရွာနှင့် မောင်တောမြို့တွင် မုဒိမ်းကျင့်ခံရသူတို့မှာ အသတ်ခံရသည်၊ ဒဏ်ရာကြောင့်သေရသည်၊ တချို့မှာ ကြောက်မက်ဖွယ်ရာ ကိုယ်ခန္ဓာ ဖြတ်တောက်ခံရသည်။ ဤအချက်တို့က အမျိုးသမီးနှင့် မိန်းကလေးများကို ရိုဟင်ဂျာဖြစ်ခြင်းကြောင့်ပင် အပြစ်ပေးရာ မုဒိမ်းကျင့်ခြင်းကို အဓိကလုပ်ရပ်အဖြစ် ကျင့်သုံးကြောင်း ထင်ရှားသည်။

မောင်တောမြောက်ပိုင်း နိုင်ဆာပူရူ (ငါးစားကြူ) ရွာတွင် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် အထူးရက်စက်မှုဖြစ်သည်။ ၂ ယောက်မှ ၆ ယောက်ခန့် ရှိသော စစ်သားတို့က အမျိုးသမီးနှင့် မိန်းကလေး အနည်းဆုံး ၂၀ ခန့်ကို မုဒိမ်းကျင့်ပြီး သတ်သည်ကို အနီးနားရှိ တောင်ဘေးတွင် ပုန်းနေသော ၁၅ နှစ်အရွယ် မိန်းကလေးက မြင်လိုက်ရသည်။ သေနတ်ဒင်ဖြင့် ရိုက်ခြင်း၊ အမျိုးသမီးများကို သစ်ပင်တွင် ချည်ပြီး ခြေထောက်တို့ကို ကားနေအောင်ချည်နှောင်ခြင်း၊ ရင်သားကို လှီးဖြတ်ခြင်း၊ မျက်လုံးကိုဖေါက်ခြင်း၊ တချို့အမျိုးသမီးများကို လည်ပင်းလှီးသတ်ခြင်းများ လုပ်ကြသည်။ ၆ ရက်ကြာ ပုန်းအောင်းပြီးနောက် ထိုမိန်းကလေးသည် မိသားစုဖြင့် နယ်စပ်သို့ ထွက်ပြေးချိန် သူပြေးပုန်းခဲ့သော တောင်ကုန်းနောက်တွင် အဝတ်အစားမဲ့ အမျိုးသမီးအလောင်း ၅ ခုကို တွေ့သည်။ အလောင်းတခုမှာ သစ်ပင်တွင် တွဲလောင်းချည်လျှက် လက်များမရှိတော့ပေ။

တုလာတုလီကို တိုက်ခိုက်စဉ် အမျိုးသမီးများကို မုဒိမ်းကျင့်ပြီး ကိုယ်အင်္ဂါတို့ကို ဖြတ်တောက် ခဲ့ကြသည်။ မုဒိမ်းကျင့်ခံရပြီး လွတ်မြောက်လာသည့် အမျိုးသမီး တစ်ယောက်က စစ်သားများ အမျိုးသမီးတို့ ရင်သားနှင့် အင်္ဂါများအား လှီးဖြတ်ကြ ကြောင်း သူမြင်ခဲ့ရပုံကို ပြောပြသည်။ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း မောင်တောမြို့ ဆစ်ဒါဖါရာတွင် အမျိုးသမီးတစ်ဦးမှာ အုပ်စုလိုက် မုဒိမ်းကျင့်ခံရပြီး သူမ၏ အင်္ဂါထဲသို့ အိတ်တစ်ခု သွတ်သွင်းထားသဖြင့် သေဆုံးရသည်။

ကိုယ်အင်္ဂါကို ဖြတ်တောက်သည့် လုပ်ရပ်မှာလည်း ၂၀၁၆ ခုနှစ် နယ်မြေရှင်းလင်းရေး စစ်ဆင်မှုတွင်လည်း သိသာထင်ရှားသည် လုပ်ရပ်ဖြစ်သည်။ ဤသို့ နှိပ်စက်မှုသည်လည်း ရည်ရွယ်ချက်မဲ့ လုပ်ကြသည်မဟုတ်ပေ။ ထိုသို့ကိုယ်အင်္ဂါများ ဖြတ်တောက်ထားသည့် အလောင်းကို လူမြင်သူမြင် ပြထားခြင်းဖြင့် ဒေသခံ အရပ်သားများ ကြောက်လန့်ရန်ဖြစ်သည်ဟု ဆိုကြသည်။ လိင်ပိုင်းဆိုင်ရာကို ဖျက်ဆီးခြင်းဖြင့် စစ်တပ်သည် ရန်သူအမျိုးသမီးတို့၏ ကာမကို ရယူသည် သာမက အမျိုးတုံးရေးကိုလည်း လုပ်ဆောင်ကြောင်း ဖေါ်ပြသည်။


စက်တင်ဘာ လလယ်၌ အမျိုးသမီး တစ်ဦးသည် သူ၏ ညီမနှင့်သမီး ၃ ယောက်မှာ ဇူလဖါရာရွာ ၌ မုဒိမ်းကျင့်ခံရပြီး သူတို့အိမ်ထဲတွင် မီးလောင်သေဆုံးနေကြောင်း တွေ့ရသည်။ ဒုံးပိုက်နှင့် တူလတိုလီရွာအပါအဝင် အနည်းဆုံး ၃ ရွာတွင် မုဒိမ်းကျင့် ခံရသူတို့ အရှင်လတ်လတ် မီးရှို့အသတ်ခံရသည်။


ထင်ရှားသည့် ဖြစ်ရပ်မှာ မြန်မာ အတိုင်ပင်ခံရုံး ကြေညာချက်တွင် စက်တင်ဘာ ၅ ရက်နေ့က နယ်မြေရှင်းလင်းရေး လုပ်ငန်းပြီးစီးကြောင်း ပြောသော်လည်း ဇူလဖါရာ ရွာကို တိုက်ခိုက်ရာတွင် ရွာသား ၅၀ ခန့် ပစ်သတ်ခံရ၊ အမျိုးသမီးများ အစုလိုက် မုဒိမ်းကျင့်ခံရ၊ ရွာမီးရှို့ခံရသည်မှာ ထို ၅ ရက်နေ့နောက်ပိုင်း ဖြစ်သည်။ ကမ္ဘာ့ သတင်းမီဒီယာတို့ အာရုံစိုက်နေသည့်တိုင် စစ်သားတို့သည် အစုလိုက် မုဒိမ်းကျင့် ခြင်း အပါအဝင် ပြစ်မှုများကို သတ်မှတ်ရက် ကျော်လွန်သည့်တိုင် ကျူးလွန်ဝံ့သည် မှာလည်း သူတို့၏ တရားဥပဒေမှ ကင်းလွတ်ခွင့်ကို ယုံကြည်ကြောင်း ပြသရာ ရောက်သည်။

## တူလတိုလီရွာကို တိုက်ခိုက်ရာ အမျိုးသမီးထုကို မုဒိမ်းကျင့်ရန် အမိန့်

မောင်တော မြောက်ဘက် တူလတူလီရွာကိုတိုက်၍ ရိုဟင်ဂျာများကို ချေမှုန်းရာတွင် အမျိုးသမီးထုကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ရန် အမိန့်နှင့် ပြောင်ကျကျ ကျယ်ကျယ်ပြန့်ပြန့်၊ အစီအစဉ်ရှိရှိ စနစ်တကျ အာဏာပိုင်တို့က လုပ်ဆောင်ကြောင်း ထိုရွာ၌ ကျူးလွန်ကြသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှုန်းနှင့်  ဖြစ်စဉ်လက္ခဏာတို့က ဖေါ်ပြသည်။

တူလာတိုလီတွင် ဖိနှိပ်ရက်စက်မှု၏ အသေးစိပ်ကို လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ အစရှိသည့် အဖွဲ့များနှင့် သတင်းသမားတို့က မှတ်တမ်းပြုထားသည်။[၅] ရွာသား အရွယ်မျိုးစုံ အသတ်ခံရ၊ အမျိုးသမီး အများအပြား အစုလိုက် မုဒိမ်းကျင့် ခံရသည်မှာ သံသယဖြစ် စရာမလိုပေ။ ဦးရေ အတိအကျ မသိရသော်လည်း ကုလာတန်သတင်း ဌာန၏ မေးမြန်းစုံစမ်းချက်အရ တစ်ရာကျော်နိုင်သည်။





တူလာတိုလီကို ဩဂုတ်လ ၃၀ ရက်တွင် တိုက်သည်။ တွေ့ရှိသူ၏ ပြောပြချက်အရ နံနက် ၈ နာရီတွင် စစ်သား ၄၀၀ ကျော် ရွာထဲဝင်လာခါ အရပ်သားများကို ထင်တိုင်း ပစ်ခတ် သတ်ဖြတ်သည်။ စစ်သားအများစု က မြောက်ဖက်ကလာသည်။ တွေ့သူက ၁၀ ကီလိုမီတာခန့် ဝေးသည့် ရှားဘာဇား (တမန်းသား) ရှိ နယ်ခြားစောင့်ရဲ စခန်းကြီးမှ လာသည်ဟု ခန့်မှန်းသည်။ ဒေသတွင်းရှိ စစ်သားများလည်း ပူးပေါင်း ပါဝင်တိုက်ခိုက်သည်။ တူလတိုလီ ရခိုင်ရွာနှင့် ဆက်၍ စစ်စခန်း ၂ ခုရှိသည်။ (တခုမှာ စေတီနားတွင် မကြာမီက ချထားသည့် စခန်း)၊ နောက် ၂ ခုမှာ မြစ် အရှေ့ဘက် ရခိုင်ရွာ ဝက်ကန်တွင် တခု၊ တခုမှာ (သက်) ချက်မာရွာ လောဘိုတွင် တခုဖြစ်သည်။ ထိုစခန်းအားလုံးကို ဩဂုတ်လ ၂၅ ရက် မတိုင်မီ ရက်သတ္တပတ်များစွာက အင်အားဖြည့် ထားသည်။

ရွာသားများ ကြောက်လန့်တကြား ပြေးကြစဉ် ယောက်ျား၊ မိန်းမ၊ ကလေး ရာပေါင်းများစွာကို ပစ်ခတ်၍လည်းကောင်း၊ ဓါးဖြင့် ခုတ်၍လည်းကောင်း သတ်ဖြတ်ကြသည်။ ပူးမာမြစ်ကို ကူးပြေးနိုင်သည့် အရွယ်တို့မှာ မြစ်ကို ဖြတ်ကူးပြီး သူတို့ ဆွေမျိုးများ အသတ်ခံနေရသည်ကို ထိပ်လန့်စွာ ကြည့်နေရသည်။ အလောင်းများကို အသင့် တူးထားသော ကျင်းများတွင် ထည့်၍ မီးရှို့သည်။ ထိုသို့ တိုက်ခိုက်စဉ် ရဟတ်ယာဉ် တစ်စင်း ဆင်းလာသည်။

မွန်းလွဲချိန်တွင် ပူးမာမြစ်ကမ်းနားရှိ ရေကန်ကြီးတကန်၌ ကျန်ရှိနေသော အမျိုးသမီးနှင့် ကလေးများကို စုစေသည်။ ခါးလောက်နက်သော ရေထဲတွင် ၄ နာရီခန့် ရပ်ခိုင်းသည်။ ခေါင်းကို ငုံ့ထားခိုင်းသည်။ စစ်သား ရာချီက စောင့်ကြပ်ထားသည်။ တချို့ အမျိုးသမီးများကို ကန်ထဲတွင်ပင် ပစ်သတ်သည်။ စစ်သား တစ်စုက အလှည့်ကျ အမျိုးသမီးများကို အဝေးသို့ ဆွဲခေါ်သွားကာ မုဒိမ်းကျင့်သည်။

တချို့အမျိုးသမီးများကို လူအုပ်မြင်သာသည့် နေရာမှာပင် မုဒိမ်းကျင့်သည်။ ကိုယ်လက်တို့အား ဖြတ်သည်ကို မြင်ရသည်။ တချို့အမျိုးသမီးစုမှာ ကလေးများနှင့်အတူ အနီးနားရှိ အိမ်များထဲသို့ ခေါ်ကာ မုဒိမ်းကျင့်သည်။ အစုလိုက် မုဒိမ်းကျင့်ပြီးသော် နှိပ်စက်သည်။ တချို့ အသတ်ခံရသည်။ အိမ်များကို ပိတ်လှောင်ကာ မီးရှို့သည်။

ထိုသို့သော ကြောက်မက်ဖွယ် အစုလိုက် မုဒိမ်းကျင့်၊ သတ်ဖြတ်သည့် မြင်ကွင်းကို နာရီများစွာ ကြည့်ရင်း သူတို့အလှည့်ကို စောင့်နေရသည်မှာ စဉ်းစား၍ မရနိုင်သည့် အဖြစ်ဆိုးပင်ဖြစ်သည်။

လွတ်မြောက်လာသည့် အသက် ၂၀ အရွယ် အမျိုးသမီးက - သူ့ကလေးကို လုယူပြီး သတ်ပြစ်သည်။ ထိုနောက် သူ့ယောင်းမနှစ်ယောက်၊ ယောက္ခမနှင့် မောင်လေး ၃ ယောက်ကို ခေါ်သွားပြီး၊ အမျိုးသမီးများကို အစုလိုက် မုဒိမ်းကျင့်သည်။

*"အမေတွေကို တခါထပ်ခွဲပြီး ရေကန်ကြီးထဲမှာ ရပ်ခိုင်းထားတယ်။ အနည်းစုကို အိမ်ထဲခေါ်သွားတယ်။ ကျမက ရပ်နေတဲ့ မိန်းကလေးတွေရဲ့ နောက်ကို ရွှေ့လိုက်တယ်။ ဘေးမှာ စစ်သားတွေ အမျိုးသမီးတွေကို မုဒိမ်းကျင့်နေတာ၊ ကန်ကျောက်နေတာ၊ သတ်နေတာ မြင်ရတယ်။ ရင်သားတွေကို လှီးဖြတ်တာ၊ မိန်းမအင်္ဂါကို လှီးဖြတ်တာလည်းမြင်ရတယ်။*

*စစ်သား ၈ ယောက်  ၁၀ ယောက် အုပ်စုက မုဒိမ်းကျင့်တာ သတ်တာကို လုပ်တယ်။ တစ်စုက ကျမတို့ကို အိမ်တခုထဲ အတင်းခေါ်သွားတယ်။ ကျမညီမ အပျိုနဲ့ ယောက္ခမကို ကျမတို့ ရှေ့မှာပင် အစုလိုက် မုဒိမ်းကျင့်တယ်။ ကျမညီက ငိုနေတယ်၊ အော်နေတယ်။ နောက်တော့ အသံမကြားရတော့ဘူး၊ သူတို့ သူ့ကို သတ်လိုက်ပြီ၊ နောက်တော့ ကျမနဲ့ ကိုယ်ဝန် ၈ လရှိတဲ့ "ဂျေ" ကိုလာ ဆွဲတယ်။ သူတို့ လုပ်ချင်သလိုလုပ်ကြတယ်။ ကျမတို့လည်း ရုန်းကန်ရင်းအော်နေတယ်။ သံဒုတ်နဲ့ ကျမတို့ကို ရိုက်တယ်။ ကျမသတိမေ့သွားတယ်။*

*ကျမသတိရလာတော့ အိမ်က မီးလောင်နေပြီ၊ မိသားစု အလောင်းတွေလည်း မီးလောင်နေပြီ၊ ထွက်ဖို့လမ်းရှာတယ်၊ မတွေ့။ ရုတ်တရက် ညီမ "ဂျေ" က ဝါးထရံကို ကန်ပြီး ဖျက်တော့ ပျက်သွားလို့ ပြေးထွက်လာရတယ်။ နောက်ကို ပြန်မကြည့်တော့ဘူး၊ နှစ်ယောက်စလုံး ကိုယ်လုံးတီးနှင့် ခေါင်းက နာနေတော့ သိပ်မစဉ်းစားနိုင်ဘူး။ လက်ကလည်း မီးလောင်တဲ့ တုံးဖိမိလို့ နာနေတယ်။ ထရံ ပျက်တာတွေ့တော့ ပြေးထွက်လိုက်တုန်း လက်ကို တစ်ယောက်ယောက်က ဆွဲတာ၊ ကြည့်လိုက်တော့ ၈ နှစ်အရွယ် မောင်လေး ဖြစ်နေတယ်။ သူ့ကိုလည်း မဆွဲနိုင်ဘူး၊ အဝတ်ပါရင်တော့ သူက အဝတ်ကို ဆွဲလိုက်နိုင်မှာ အခုတော့ ကျမက လုံးတီး၊ မီးဘေးကလွတ်အောင် ပြေးရတော့ သူ့ကို မဆွဲနိုင်ဘူး၊ သူ့ခမျာ တခြား မိသားစုဝင်တွေလိုဘဲ မီးလောင်သေဆုံးခဲ့ရတယ်။"*

*(သူမ၏ ထွက်ဆိုချက် အပြည့်အစုံကို ဤအစီရင်ခံစာ နောက်ပိုင်းတွင် ဖော်ပြထားပါသည်။)*

တူလတိုလီ စစ်ဆင်ရေးတွင် တခြားစစ်စခန်းများမှ စစ်သားတွေ ပါဝင်ပြီး လေကြောင်း အထောက်အကူလည်းပေးရာ (လေတပ်မှ ပူးပေါင်းပါဝင်သည်) အစီအစဉ်ရှိရှိ အဆင့်မြင့် ပူးပေါင်းလုပ်ကိုင်သည်ကို ထင်ထင်ရှားရှားသိနိုင်သည်။ အရပ်သားများ သာနေထိုင်သည့် ရွာကို ပစ်မှတ်ထားခြင်းလည်းဖြစ်သည်။ ဤသို့သော စစ်ဆင်ရေးကြီးတွင် နှိပ်စက်ညှင်းပန်းမှု အကြီးအကျယ်လုပ်ခြင်းမှာ အကြောင်းမဲ့ ကျူးလွန်သည့် ပြစ်မှု မဟုတ်ပေ။ စနစ်တကျ အစီအစဉ်ရှိရှိ အကောင်အထည်ဖော်ခြင်းသာဖြစ်သည်။ ပထမ အစုလိုက် အပြုံလိုက်သတ်၊ အစုလိုက် အပြုံလိုက် မုဒိမ်းကျင့်ရန် ဖြစ်သည်။

တူလတိုလီရွာ တိုက်ခိုက်မှုတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင် အစိပ်အပိုင်းတစ်ခုဖြစ်သည်။ ပထမအဆင့် သတ်ဖြတ်ပြီးနောက် ကျန်ရှိသူ အမျိုးသမီးနှင့် ကလေးများကို ရက်ရက်စက်စက် အပြစ်ပေးသည့်ပုံဖြစ်သည်။ တခြားစကားနှင့်ပြောရလျှင် တူလတိုလီတွင် ထုနှင့် ထယ်နှင့် မုဒိမ်းကျင့်မှုမှာ အထူးအမိန့်များအရ ပြုလုပ်ခြင်းဖြစ်သည်။

# နိုဂုံးချုပ်နှင့် အကြံပြုချက်များ

ကုလာတန်သတင်းဌာနမှ စုဆောင်းရရှိသော ထွက်ဆိုချက် မှတ်တမ်းတို့က ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ၂၀၁၇ ခုနှစ် နယ်မြေရှင်းလင်းရေး စစ်ဆင်မှုတွင် မြန်မာစစ်တပ်က ရက်ရက်စက်စက် ပြောင်လိုင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ပုံကို ပြသသည်။ ယခင်နှစ်များက စစ်ဆင်မှုတွင်လည်း ဤနည်းဤဟန်အတိုင်း လုပ်ဆောင်ခဲ့ပါသည်။ ဤအချက်က စစ်တပ်အကြီးအကဲတို့သည် ရိုဟင်ဂျာလူထုအပေါ် မုဒိမ်းကျင့်ခြင်းကို လက်နက်အဖြစ် အစီအစဉ်ရှိရှိ စနစ်တကျ လုပ်ဆောင်ပုံ သက်သေဖြစ်ပေသည်။

မုဒိမ်းကျင့်မှုကို လက်နက်အဖြစ် အသုံးချသည်မှာ စစ်ရာဇဝတ်မှုမြောက်ပါသည်။ လူသားမျိုးနွယ်တခုလုံးကို ထိခိုက်စေသည့် ရာဇဝတ်မှုများ ဖြစ်ပါသည်။ လူမျိုးတုန်းသတ်ဖြတ်သည့် နည်းနာလည်း ဖြစ်ပါသည်။ ဤအတွက် မြန်မာစစ်တပ် ခေါင်းဆောင်များ တာဝန်ရှိပါသည်။

လက်နက်ကိုင်တပ်ကို မြန်မာအစိုးရက အကာအကွယ်ပေးနေခြင်းအား ရပ်ဆိုင်းဖို့ သတိပေးရမည်။ စစ်တပ်၏ ညှင်းပမ်းနှိပ်စက်မှုများကို အစိုးရက အမြန် တားမြစ်ရမည်။ အထူးသဖြင့် အစီအစဉ်ရှိရှိ လိင်အကြမ်းမှုများသည် လူ့အဖွဲ့အစည်းတခုလုံးကို ခြိမ်းခြောက်နေသဖြင့် အမြန်ဆုံးရပ်တန့်ရန် လုပ်ဆောင်ရမည်။ စစ်သားများကို မုဒိမ်းကျင့်ရန် အမိန့်ပေး စေခိုင်းခြင်းဖြင့် စစ်သားများက ထိုအကြမ်းဖက်မှုမှ စည်းစိမ်ခံစားစေသည်။ အမျိုးသမီးများ၏ ဘဝများ ပျက်စီးရကာ နာကျင်တုန်လှုပ်ခြောက်ခြားရသည်။ မြန်မာတပြည်လုံးတွင် စစ်တပ်များ သိန်းနှင့်ချီ ချထားသဖြင့် မုဒိမ်းကျင့်မှုတွင် ယဉ်ပါးနေသည့် စစ်သားများကြောင့် တိုင်းပြည်တဝှမ်း အမျိုးသမီးနှင့် မိန်းကလေးများ၏ ဘဝလုံခြုံရေးအတွက် ရင်လေးထိတ်လန့်စရာ ဖြစ်စေသည်။ ထိုကြောင့် နောက်စာမျက်နှာပါ အကြံပြုချက်တို့ကို တင်ပြလိုက်ပါသည်။

**မြန်မာ အစိုးရသို့**

- အရပ်သားများကို အကြောင်းမဲ့ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်းများ မြန်မာစစ်တပ်မှ ချက်ခြင်းရပ်တန့်ရေးအတွက် အမိန့်ပေးရန်။

- ဤရက်ရက်စက်စက် နှိပ်စက်မှုများအတွက် စစ်တပ်၏ အမိန့်စီးဆင်းပုံကို အမြန်ထိန်းချုပ်ရန်အတွက် ပထမခြေလှမ်းမှာ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်ကို ပြည်တွင်းဝင်ခွင့်ပြုရမည်။ စုံစမ်းနေစဉ် မေးမြန်းခံရသူ တိုင်းအတွက် ဘဝ အာမခံချက်ပေးရမည်။
- လူသားချင်းစာနာမှု အေဂျင်စီများကို ရခိုင်ဒေသအားလုံးသို့သွား၍ လူသားချင်းစာနာသည့် အထောက်အပံ့များ အကန့်အသတ်မရှိ ပေးနိုင်ရေးအတွက် အမြန်ခွင့်ပြုရန်။
- တည်ရှိနေသော ဖိနှိပ်သည့် တားမြစ်ကန့်သတ်ချက်များကို ရုတ်သိမ်းပြီး ကိုယ့်လူမျိုးကို ဖော်ပြခွင့် အခွင့်အရေးအပါအဝင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါအတိုင်း ရိုဟင်ဂျာတို့ အခြေခံ အခွင့်အရေးကို အာမခံရန်။
- ရိုဟင်ဂျာများ သူတို့ မူလနေထိုင်ရာ ပြန်နေခွင့်နှင့် သူတို့၏ အခွင့်အရေးကို ကာကွယ်သည့် အာမခံချက်အပြည့်အဝပေးရန်။

**နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပန်ကြားချက်**

- ရိုဟင်ဂျာတို့အပေါ် မျိုးတုန်းသတ်ဖြတ်မှု ရပ်ဆိုင်းရန်အတွက် မြန်မာအစိုးရကို နည်းမျိုးစုံဖြင့် ဖိအားပေးရန်။
- ရခိုင်ပြည်နယ်သို့ နေရပ်ပြန်သည့် ဒုက္ခသည်များအပါအဝင် အရပ်သားများကို လုံခြုံရေးပေးရန်အတွက် နိုင်ငံတကာ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ကိုစေလွှတ်ရန်
- သူတို့၏အခြေခံအခွင့်အရေး ပြန်လည်ရရှိရန် ရိုဟင်ဂျာများနှင့် အတူရပ်တည်ပါ။ ရိုဟင်ဂျာတို့အတွက် နိုင်ငံသား "အသစ်" ပုံစံကို မတောင်းဆိုပါနှင့်။

**ဘင်္ဂါလားဒေ့ရှ် အစိုးရသို့ တင်ပြချက်**

- မြန်မာပြည်မှ ပြေးလာသူအားလုံးကို ခိုနားစရာနှင့် အကာအကွယ်ပေးပါ။ ထိုဒုက္ခသည်တို့ကို လူသားချင်းစာနာ အကူအညီပေးသော အေဂျင်စီများကို ခွင့်ပြုပါ။ အတားအဆီးမလုပ်ပါနှင့်။
- မြန်မာပြည်သို့ ပြန်ပို့သော ဒုက္ခသည်တို့သည် သူတို့ဆန္ဒအလျောက်ပြန်သွားခြင်းဖြစ်ကာမှု လုံခြုံမှုနှင့် သိက္ခာရှိရန် သေချာပါစေ။

## ကိုးကားချက်များ


၁ http://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=21142

၂ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး သတင်းထုတ်ပြန်ချက်၊ "လူသားဖြစ်မှုအပေါ် ကျူးလွန်သော ရာဇဝတ်မှုနှင့် လူမျိုးပြုန်း ရှင်းလင်းခြင်းတို့ သက်သေအထောက်အထားမရှိ" - *"No evidence of crimes against humanity, ethnic cleansing,"* http://www.president-office.gov.mm/en/?q=briefing-room/news/2017/08/07/id-7639

၃ ကုလားတန်သတင်းကွန်ယက်၊ အောက်တိုဘာ ၂၀၁၇ သတင်း - ဩဂုတ်လ ၂၅ ရက် " အကြမ်းဖက်တိုက်ခိုက်မှုများ" ဆိုသည့် အစိုးရထုတ်ပြန်ချက်နှင့် ဒုက္ခသည်များ ပြောဆိုချက် ဆန့်ကျင်ဘက်ဖြစ်နေ http://www.kaladanpress.org/burmese/images/document/pre-planned%20expulsion-burmese.pdf

၄ http://www.unhcr.org/news/briefing/2017/9/59b24a074/bangladesh-refugee-camp-capacity-exhausted-thousands-makeshift-shelters.html

၅ https://www.hrw.org/report/2017/12/19/massacre-river/burmese-army-crimes-against-humanity-tula-toli

## နောက်ဆက်တွဲ (၁) - ကုလာတန်သတင်းဌာနမှရရှိသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်စဉ် မှတ်တမ်းဇယား

| လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ထွက်ဆိုသည့် ဒုက္ခသည် | | | လိင်ပိုင်းဆိုင်ရာ ကျူးလွန်သည့် နေ့စွဲ* | လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်စဉ်အကျဉ်း |
|---|---|---|---|---|
| | လိင်၊ အသက် | ရွာ**၊ မြို့နယ် | | |
| ၁ | မ၊ ၂၆ | ဂူဇီ (ဂုတ်ပီ) ဘူးသီတောင် (မြောက်) | ဇူလိုင်လ နှောင်းပိုင်း ၂၀၁၇ | သူမ၏ ညီမ ၆ နှစ်ကို စစ်သား ၅ ယောက် မုဒိမ်းကျင့်၊ ဒဏ်ရာ ပြင်းထန်၊ ရက်အနည်းငယ် အတွင်း သေဆုံးသွားရ။ |
| ၂ | မ၊ ၁၈ | ရှီခါလီ (ကျောက်ချောင်း) မောင်တော (မြောက်) | ဩဂုတ်လ ဦးပိုင်း ၂၀၁၇ | စစ်သားများက ဖမ်း၍ စစ်စခန်း ထဲ ၁၅ ရက်ကြာ အစုလိုက် မုဒိမ်းကျင့်၊ မိဘများ ငွေမြောက် များစွာပေးမှ လွှတ်ပေး |
| ၃ | ကျား၊ ၃၅ | ဂူဇီ (ဂုတ်ပီ) ဘူးသီတောင် (မြောက်) | ဩဂုတ်လ လယ် ၂၀၁၇ | စစ်သား ၈ ယောက် သူ့ရွာတွင် လိင်ပိုင်းဆိုင်ရာ ဖျက်ဆီးသည် ကို မြင်ရ၊ အမျိုးသမီး၏ မိသားစု ကို ချည်နှောင်ပြီး မဖွယ်မရာ ကိုင်တွယ်၊ ပါးစပ်နှင့် ကိုက်၊ လမ်းမလျှောက်နိုင်သည့်တိုင် ရိုက်နှက်၊ မိသားစုထံမှ ငွေ အမြောက်အများ ညှစ်ယူ ပြီးထားခဲ့ |
| ၄ | ကျား၊ ၂၃ | တမီး (တင်မေ) ဘူးသီးတောင် (မြောက်) | ခန့်မှန်း - ဩဂုတ် ၁၈ - ၂၀၁၇ | သူမ၏ ကလေး ၃ ဦး ရှေ့တွင် စစ်သား ၄- ၅ ယောက်က အိမ်ထဲတွင် မုဒိမ်းကျင့် ၊ သူမကို ရိုက်နှက် ကန်ကျောက်၊ ပါးနှင့် လည်ပင်းကို ကိုက်။ |
| ၅ | မ၊ ၆၀ ခန့် | ဂူဇီ (ဂုတ်ပီ) ဘူးသီတောင် (မြောက်) | ဩဂုတ် ၂၂ ၂၀၁၇ | သူမ၏ အိမ်ထောင်ရှိ သမီး ၂၈ နှစ်ကို အိမ်တွင် စစ်သား ၃ ယောက် မုဒိမ်းကျင့်၊ ကလေးကို မြေပေါ် ပစ်ချ |

* ဒုက္ခသည်တို့သည် လဆန်းလဆုတ်ပြက္ခဒိန်ကို သုံးသောကြောင့် တချို့ရက်စွဲတို့မှာ ခန့်မှန်းချက်ဖြစ်သည်။

** တချို့ ရွာကြီးများမှာ ရွာများပေါင်းစု နေခြင်းဖြစ်သည်။

| | | | | |
|---|---|---|---|---|
| ၆ | မ၊ ၂၆ | တမီး (တင်မေ) ဘူးသီးတောင် (မြောက်) | ခန့်မှန်း ဩဂုတ် ၂၂၊ ၂၀၁၇ | စစ်သားများရွာထဲဝင်ပြီး အမျိုးသမီး ၃ ဦးကို အိမ်များထဲတွင် အစုလိုက် မုဒိမ်းကျင့်။ တစ်ဦးမှာသူ့ခင်ပွန်း ရှေ့တွင် ကြိုးချည်ပြီးကျင့်၊ ခင်ပွန်းမှာ အရိုက်ခံရ |
| ၇ | ကျား၊ ၃၈ | ဒုံးပိုက် (အောင်ဆိတ်ပြင်)၊ မောင်တော မြောက်ဘက် | ဩဂုတ်လ ၂၅ ရက် ၂၀၁၇ | စစ်သား၃၀၀ ခန့်ရွာကိုတိုက်၊ မီးရှို့၊ ရွာသားရာချီ လယ်ကွင်းထဲစု၊ အမျိုးသမီး ၂၀ ခန့်ကို အိမ်များထဲ တွင် မုဒိမ်းကျင့်၊ တအိမ်တွင် စုခိုင်း ပြီး မီးရှို့သတ်၊ သူ့အမျိုး ၁၈၊ ၂၀၊ ၂၂၊ ၂၅ နှစ်ရှိ အမျိုးသမီးများနှင့် အိမ်တွင်ပုန်းနေသော ၅၃ နှစ် အရွယ်အမျိုးသမီးကြီး မီးထဲပါ သွား။ ယောကျ်ားများနှင့် ယောကျ်ားကလေးများကို စက် သေနတ်ဖြင့်ပစ်၊ အများအပြားသေ၊ အလောင်းများကို မီးရှို့။ |
| ၈ | မ၊ ၂၅ | မြင့်လွတ် - မောင်တော တောင်ဘက် | ဩဂုတ် ၂၅၊ ၂၀၁၇ | ရွာအနီးရှိ စစ်စခန်းမှ စစ်သားများ က သူမရွာကို တိုက်၊ သူမထွက် ပြေး၊ သူ့ယောကျ်ားနှင့် ညီမဝမ်းကွဲ မပြေးနိုင်၊ စစ်သာများက မုဒိမ်းကျင့် (အနီးတွင် ပုန်းနေသော ခလေးက မြင်) ရွာကို စစ်သားများ မီးရှို့ပြီး နောက်ညီမ အလောင်းကို တွေ့။ |
| ၉ | ကျား၊ ၄၅ | အလယ် သံကျော် မောင်တော တောင်ဘက် | ဩဂုတ် ၂၅၊၂၀၁၇ | စစ်သားများ သူ့ရွာကိုတိုက်၊ ၂၁ နှစ်ရှိ သူ့သားနှင် တခြား ၁၁ ဦး အသတ် ခံရ၊ ၁၈ အရွယ် တူမကို စစ်သား တို့ ဆွဲခေါ်သွား၊ ပြန်မ တွေ့ရ။ |
| ၁၀ | မ၊ ၃၂ | ချိန်ကလီ (ကျောက်ချောင်း) မောင်တော မြောက် | ဩဂုတ်လ ၂၅၊ ၂၀၁၇ | နံနက် ၈ နာရီ စစ်သားများ ရွာထဲ လာပြီး ယောကျ်ား ၂ ဦး အသက် ၈ နှစ်နှင့် ၁၂ နှစ်ကို လည်လှီး သတ်၊ သူ့အမ ၂၆ နှစ် ယောက်မ ကိုခေါ်သွား၊ မုဒိမ်းကျင့်ပြီး သတ်လိုက်သည် ကိုကြား |

| | | | | |
|---|---|---|---|---|
| ၁၁ | မ၊ ၁၅ | နိုင်စာပူရ (ငါးစားကြူး) မောင်တော မြောက် | ဩဂုတ် ၂၅ - ၃၁ ၂၀၁၇။ | ရွာအတိုက်ခံရစဉ် တောင်ပေါ်တွင် ပုန်းနေ၊ မိန်းခလေး၂၀ ကျော် အစုလိုက် မုဒိမ်းကျင့်ပြီး သတ်သည်ကို မြင်။ တချို့သစ်ပင်မှာချည်၊ ရင်သားဖြတ်ခံ၊ မျက်စိထုတ်ခံရသည်ကိုမြင်။ |
| ၁၂ | ကျား၊ ၁၈ | ဥဒေါင်း - မောင်တော တောင် | ဩဂုတ် ၂၅-၂၇ ၂၀၁၇ | သူ့ရွာအတွင်းပစ်ခတ်စဉ်ပြေး၊ ဩဂုတ် ၂၇ အထိ ပုန်းနေ၊ ကိုယ်လုံးတီး မိန်းမ အလောင်း ၇ ခုကို တမိုင်အကွာ ဘာဇရာရွာပြင်တွင် တွေ့။ |
| ၁၃ | မ၊ ၁၅ | နော်ယာပါရာ၊ ရပ်ကွက် ၅၊ မောင်တောမြို့ | ခန့်မှန်း ဩဂုတ် ၂၅၊ ၂၀၁၇ | မိန်းမ ၂ ယောက်ကိုသူတို့အိမ်မှ စစ်သားတွေ အတင်းခေါ်သွားတာမြင်၊ အသက် ၂၀ အရွယ် အိမ်နီးချင်းပါသွား၊ ၃ ရက်ကြာ ဖမ်းထား |
| ၁၄ | ကျား၊ ၃၆ | အင်ဒင်း၊ မောင်တော တောင် | ဩဂုတ် ၂၆၊ ၂၀၁၇ | စစ်သားများ သူ့ရွာကို တိုက်စဉ် စစ်သား ၃ ယောက်က လူ တစ်ဦးကိုသတ်။ သူ့ ၁၀ နှစ်သမီးကို မုဒိမ်းကျင့် |
| ၁၅ | မ၊ ၂၅ | စိုးဖါရာ (စဉ်းအိုးပြင်) ဘူးသီးတောင် မြောက် | ဩဂုတ် ၂၆၊ ၂၀၁၇ | ရွာကို စစ်သား ၂၀၀ က တိုက်ခိုက်၍ ထွက်ပြေး စဉ် အမျိုးသမီး ၃ ဦးကို စစ်သား ၉ ယောက်က မုဒိမ်းကျင့် |
| ၁၆ | ကျား၊ ၅၀ | ချိန်ကလီ (ကျောက် ချောင်း) မောင်တော မြောက် | ဩဂုတ် ၂၇၊ ၂၀၁၇ | စစ်သား ၂၀၀ ခန့်က ရွာသားတွေကို လယ်ထဲစု၊ အမျိုးသမီး ရာချီ (သူ့မိန်းမပါဝင်) ကို ကျောင်းထဲခေါ်၊ မိန်းကလေးငယ်များကိုရွေးတညလုံး အုပ်စုလိုက် မုဒိမ်းကျင့်။ |
| ၁၇ | ကျား၊ ၅၂ | မောင်နုရွာ ဘူးသီးတောင် မြောက် | ဩဂုတ် ၂၇ ၂၀၁၇ | လူ ၈၀ ခန့် အသတ်ခံရ၊ အမျိုးသမီး ၂၀ ခန့်ကို လုယက်၊ လုံးတီးချွတ်ခိုင်းတာကို ပုန်းနေရာမှမြင်ရ။ |

| | | | | |
|---|---|---|---|---|
| ၁၈ | မ၊ ၁၈ | မောင်နုရွာ၊ ဘူးသီးတောင် မြောက် | ခန့်မှန်း ၂၇-၂၀၁၇။ | စစ်သား ၈-၉ ယောက်က သေနတ်ဒင်နှင့်ရိုက်၊ မဖွယ်မရာကိုင်၊အိမ်လွတ်တခုထဲခေါ်ခါအဝတ်ချွတ်ခိုင်း၊ လမ်းလျှောက် ပြခိုင်း၊ ဟားတိုက်၊ ပိုက်ဆံ နှင့်ပေါက် ၊ အစုလိုက်မုဒိမ်းကျင့်၊ တခြား အမျိုးသမီး ၂၀ ခန့်လည်းပါ၊ တလမျှ သွေးယိုထွက်၊ တချို့ အမျိုးသမီးများဒဏ်ရာပြင်းထန်၍လမ်းမလျှောက်နိုင်။သေဆုံး။ |
| ၁၉ | မ၊ ၁၅ | ရှူရော်ဂိုဇီဘီလ် (ခါးကြီးဖား) မောင်တော မြောက် | ဩဂုတ် ၂၈၊ ၂၀၁၇ | စစ်သားတရာကျော် သူမရွာကို တိုက်၊ သူမ မိတ်ဆွေ ၁၅ နှစ် သည် ပြေးနေစဉ် စစ်သားများက ဖမ်းပြီး မုဒိမ်းကျင့်ခံရ။ အလောင်းကိုတွေ့ရ။ |
| ၂၀ | မ၊ ၁၉ | နော်ယာဖါရာ - ရပကွက် (၅) မောင်တောမြို့ | ဩဂုတ် ၂၈၊ ၂၀၁၇ | ရပ်ကွက်ရှိ ကျောင်းတွင် စခန်းချနေသော စစ်သားများက ရပ်ကွက် လူကြီးကို မိန်းမရှာလာရန် အမိန့်ပေး၊ သူ၏ ဝမ်းကွဲညီမ အပါအဝင် အမျိုးသမီး ၁၂ ယောက် အဖမ်းခံရ။ |
| ၂၁ | မ၊ ၃၅ | ရပ်ကွက် ၅၊ မောင်တောမြို့ | ဩဂုတ် ၂၉၊ ၂၀၁၇ | မြို့ကို ဖြတ်ပြေးစဉ် အမျိုးသမီး ၄ ဦးကို ဖမ်းခေါ်သွားတာတွေ့ရ။ |
| ၂၂ | မ၊ ၂၀ | တူလတိုလီ (မင်းကြီး) မောင်တော မြောက် | ဩဂုတ် ၃၀၊ ၂၀၁၇ | စစ်သား ၄၀၀ကျော် ရွာထဲပြေးဝင်လာပြီး ၊ပြစ်ခတ်၊ ဓါးနှင့် ခုတ်၊ တနစ်အရွယ်ကလေး ကို သူမထံမှ လုခါသတ်။ ရေကန်ထဲတွင် သူမကို တခြားရာချီမိန်း မများနှင့် အတူ ရပ်ခိုင်း ။ တချို့ကို အနီးရှိ လယ်ထဲတွင် မုဒိမ်းကျင့်။ စစ်သား ၈ -၁၀ ယောက်က မိန်းမများကို အစုလိုက် အိမ်ထဲသို့ခေါ်၍ မုဒိမ်းကျင့်၊ ရိုက်နှက်၊ အိမ်ကိုမီးရှို့၊ |

| | | | | |
|---|---|---|---|---|
| | | | | သူမကို သူမ ယောက္ခမ၊ ညီမ ၂ ယောက်၊ မောင် ၃ ယောက် အတူ အိမ်ထဲတွင်ထားသည်။ သူမ ယောက္ခမနှင့် ညီမတစ်ယောက်ကိုအစုလိုက် မုဒိမ်းကျင့်ပြီး သတ်ပစ် ၊ သူမနှင့် ကိုယ်ဝန်ရှိ ညီမ ကို အစုလိုက် မုဒိမ်းကျင့်၊ သူမခေါင်းကိုရိုက်၊ မေ့သွား၊ သတိပြန်ရသော အခါအိမ်မှာမီးလောင်နေပြီ၊ ကိုယ်ဝန်သည် ညီမနှင့် အတူ လွတ်လာ၊ မောင်လေးများ မီးလောင်သေဆုံးခဲ့။ |
| ၂၃ | မ၊ ၁၉ | တူလတိုလီ (မင်းကြီး) မောင်တောမြောက် | ဩဂုတ် ၃၀၊ ၂၀၁၇ | သူ့ယောင်မနှင်အတူအစုလိုက်မုဒိမ်းကျင့်ခံရ၊(အထက် တွင်ကြည့်ပါ)၊ ၈ လကိုယ်ဝန်ရှိ၊ ခေါင်း အရိုက်ခံရ၊ မီးလောင်ခံ၊လွတ်လာ၊ ဘင်္ဂါလားဒေ့ရှ် တွင် သမီးမွေး၊ သူ့ခင်ပွန်း အသတ်ခံရ။ |
| ၂၄ | မ၊ ၁၆ | တူလတိုလီ (မင်းကြီး) | ဩဂုတ် ၃၀။ ၂၀၁၇ | မြန်မာစစ်သား ၅၀၀ ခန့် ရွာကိုတိုက်၊ ပြေး၊ မိသားစု ၁၅ ယောက် အသတ်ခံရ။ ရာချီသည့် အမျိုးသမီးများ ရေကန်ထဲတွင် စုထားသည်ကိုမြင်၊ ခေါ်ပြီး အစုလိုက် မုဒိမ်းကျင့်၊ အမျိုးနှစ်ယောက် မုဒိမ်းကျင့်ခံရ၊ အသတ်ခံရ၊ ၂ ဦး မုဒိမ်းကျင်ခံရ ဒဏ်ရာရ။ ကိုယ်ဝန် ၈ လရှိ ခယ်မအရိုက်ခံရပြီး သေဆုံး။ |
| ၂၅ | ကျား၊ ၂၂ | တူလတိုလီ (မင်းကြီး) မောင်တောမြောက် | ဩဂုတ် ၃၀၊ ၂၀၁၇ | အိမ်ထဲတွင် သူ့ဇနီးကို တခြားအမျိုးသမီး ၁၀ဦးနှင့် အတူ စစ်သားများက အစုလိုက် မုဒိမ်းကျင့်၊ မေးရိုးကျိုး၊ သား အသတ်ခံရ။ |

| | | | | |
|---|---|---|---|---|
| ၂၆ | ကျား၊ ၁၈ | တူလတိုလီ (မင်းကြီး) မောင်တော မြောက် | ဩဂုတ် ၃၀၊ ၂၀၁၇ | အမေ၊ ညီနှင့် ညီမ ၅ ယောက် အသတ်ခံရ၊ အမျိုးသမီးများကို အိမ်ထဲခေါ် မုဒိမ်းကျင့်၊ အိမ်မီးရှို့၊ ၂၃ နှစ်ရှိ အဒေါ် အစုလိုက် မုဒိမ်းအကျင့်ခံရ၊ သတိမေ့သည် အထိ အရိုက်ခံရ။ လွတ်လာပြီး ဘင်္ဂါလားဒေ့ရှ်တွင် ဆေးကုရ။ |
| ၂၇ | ကျား၊ ၂၅ | တူလတိုလီ (မင်းကြီး) မောင်တော မြောက် | ဩဂုတ် ၃၀၊ ၂၀၁၇ | မိန်းမနှင့် ကလေးငယ် ၃ ဦး အပါ အဝင် မိသားစု ၈ ဦးအသတ်ခံရ၊ အသက် ၂၀ရှိ အမ အစုလိုက် မုဒိမ်းကျင့်ခံရ၊ ခေါင်းကို ဓါးနှင့် ခုတ်ခံရပြီး မီးလောင်သည့် အိမ် တွင် ပစ်ထားခဲ့၊ လွတ်မြောက်လာ ပြီး ဘင်္ဂလားဒေ့ရှ်တွင် ဆေးကု။ |
| ၂၈ | ကျား၊ ၁၇ | တူလတိုလီ (မင်းကြီး) မောင်တော မြောက် | ဩဂုတ် ၃၀၊ ၂၀၁၇ | မိဘနှင့် ကလေးငယ်များ အပါအဝင် မိသားစု ၁၈ ဦး အသတ်ခံရ၊ သူမြစ်ကူးပြေး၊ စစ်သားတွေက အမျိုးသမီးများကို အိမ်တွေထဲခေါ်သွား တာမြင်၊ အော်သံတွေကိုကြားရ၊ စစ်သား တွေ ထွက်လာ၊ တံခါး ကိုပိတ်၊ အိမ်တွေပေါ် ကောက်ရိုးတင် မီးရှို့သည်ကို တွေ့ |
| ၂၉ | မ၊ ၁၈ | ဂူဖီး (ဂုတ်ပီ) ဘူးသီးတောင် မြောက် | ဩဂုတ်လ နှောင်းပိုင်း ၂၀၁၇ | ရွာထဲရှိ ကျား- မ ခွဲလိုက်သည်။ သူမနှင့် တခြား မိန်းကလေး ၁၂ ဦးကို ရွာကျောင်းရှိ စစ်စခန်းထဲ ခေါ်သွား အစုလိုက် မုဒိမ်းကျင့်၊ စစ်သားတွေရှေ့မှာ တခြားအမျိုးသမီး များနှင့်အတူ ကိုယ်လုံးတီး လမ်း လျှောက်ခိုင်း၊ ဓါတ်ပုံရိုက်၊ ပိုက်ဆံနှင့် ပေါက်။ |
| (၅) | မ၊ ၆၀ | ဂူဖီး (ဂုတ်ပီ) ဘူးသီးတောင မြောက် | ဩဂုတ နှောင်းပိုင်း ၂၀၁၇ | ရွာအတိုက်ခံရပြီး မိသားစုနှင့် ဖါတီယာ တောင်ကြားကိုပြေး၊ ရာချီတဲ့ စစ်သားတွေက ထောင်ချ |

| | | | | |
|---|---|---|---|---|
| | | | | တဲ့ ရွာသားတွေကို လမ်းဘေးမှာ ထိုင်ခိုင်းထား၊ သူ့ ၁၆ နှစ် သမီး အပါအဝင် တခြားမိန်းမပျို ၂၀ လောက်ကို ကိုက် ၂၀ လောက် အကွာလူမြင်ကွင်းတွင် အစုလိုက် မုဒိမ်းကျင့်၊ သူ့သမီးနှင့် တခြား ၁၀ ဦး လောက်ကို အနီးရှိ စစ်စခန်းထဲ ခေါ်ကာ ၂ ရက်ကြာ အစုလိုက် မုဒိမ်းကျင့်။ |
| ၃၀ | မ၊ ၃၀ | ဆစ်ဒဖါရာ (မြို့မ ကညင်တန်း) မောင်တောမြို့ | ဩဂုတ်လ နှောင်းပိုင်း ၂၀၁၇ | ဝမ်းကွဲအမကို စစ်သားတစုက ဖမ်းပြီး အနီးရှိ အိမ်ထဲတွင် အစုလိုက်မုဒိမ်းကျင့်သည်ကိုမြင်၊ သူမကို လည်း စစ်သား၅ ယောက်က ကလေး ၃ ယောက် ရှေ့တွင် အစုလိုက် မုဒိမ်းကျင့်။ လက်ကို ဓါးထိုးခံရ၊ သူ့ဝမ်းကွဲ အမနှင့် ခင်ပွန်းအလောင်း ကိုမြင်ရ၊ဝမ်းကွဲ အမ၏ အင်္ဂါတွင် အိတ်နှင့်ဆို့ ထားသည်။ |
| ၃၁ | မ၊ ၃၁ | ဆစ်ဒ ဖါရာ (မြို့မ ကညင်တန်း) မောင်တောမြို့ | ဩဂုတ်လ နှောင်းပိုင်း ၂၀၁၇ | စစ်သား ၃ ယောက် အိမ်ထဲလာပြီး နေ့ခင်းတွင် သူ့ကလေး ၂ ယောက်ရှေ့၌ မုဒိမ်းကျင့်၊ သေနတ် ဒင်နှင့် အရိုက်ခံရ |
| ၃၂ | မ၊ ၄၀ | ဆစ်ဒဖါရာ (မြို့မ ကညင်တန်း) မောင်တောမြို့ | ဩဂုတ်လ နှောင်းပိုင်း ၂၀၁၇ | အိမ်နီးချင်း တစ်ဦးကို စစ်သားများ မုဒိမ်းကျင့်နေသည်ကိုမြင်၊ သူမနှင့် ခင်ပွန်းကို ဓါးနှင့် ထိုးသတ်၊ အလောင်းကို မီးရှို့။ |
| ၃၃ | မ၊ ၁၅ | ဟာဒိရ်ဘီးလ် (ညောင်ချောင်း) မောင်တော တောင် | ဩဂုတ်လ နှောင်းပိုင်း၊ စက်တင်ဘာ ဦးပိုင်း | ရွာအတိုက်ခံရစဉ် မိဘများ သေနတ်မှန် သေဆုံး၊ စစ်သားနှင့် ရိုဟင်ဂျာ မဟုတ်သူတို့က ယောက်ျား မိန်းမခွဲ၊ ကိုယ်ပေါ် ရှာဖွေ လုယက်၊ နို့နှင့် အင်္ဂါကို နှိုက် |
| ၃၄ | မ၊ ၃၀ | ချိန်းကလီ၊ မောင်တောတောင် | စက်တင်ဘာ ၁၊ ၂၀၁၇ | ရွာအတိုက်ခံရစဉ် ဆွေမျိုး ၁၈၊ ၂၀၊ ၂၀ နှစ်ရှိ ၃ဦး အပါအဝင် |

| | | | | |
|---|---|---|---|---|
| | | | | အမျိုးသမီး ၇ ဦး အစုလိုက် မုဒိမ်းကျင့်ခံရသည်ကိုမြင်၊ ရွာသားများကို လမ်းဘေးတွင် အခမ္ဘ စုထား။ |
| ၃၅ | မ၊ ၃၀ | ဖူလာပါရာ ၊ မောင်တောမြို့ အရှေ့ | စက်တင်ဘာ လလယ်၊ ၂၀၁၇ | ကားများနှင့် စစ်သားရာချီလာ၊ ရွာသားတွေကို ပစ်၊ အိမ်တွေကို မီးရှို့၊ သူ့အမနှင့် တူမအသက် ၂၂၊ ၁၇၊ ၁၃ တို့ ကို မုဒိမ်းကျင့် ၊ အရှင်လတ် လတ် မီးရှို့၊ ၆ နှစ် အရွယ်သား ရင်ဘတ်တွင် သေနတ်ဒဏ်ရာ ပြင်းထန်စွာရ။ |
| ၃၆ | ကျား၊ ၆၀ | ဖူလာပါရာ မောင်တောမြို့ အရှေ့ | စက်တင်ဘာ လလယ် ၂၀၁၇ ခု | စက်တင်ဘာ လလယ်တွင် ဘူးသီးတောင်ရှိတပ်မျာ ဟာလီ (တပ်မင်းချောင်း) မှ အမျိုးသမီး ၂ ဦး ဖူလာပါရာကိုလာ၊ဘီရ်ရဇီ တောင်ကြားလမ်း မရောက်မီ စစ်သား များကဖမ်း၊ အမျိုးသမီး တစ်ဦးတွင်ပါသည့် ကလေး ၂ ဦး ကို သတ်၊ စစ်စခန်းတွင် ထိုအမျိုး သမီး နှစ်ဦးလုံးကို ၆ ရက်ကြာ မုဒိမ်းကျင့်၊ တစ်ဦးကို ဓါးနဲ့ ထိုး၊ နောက်နေ့ ဖူလာပါရာ အရောက် တွင် ဓါးဒဏ်ရာဖြင့်ဆုံး။ |

## နောက်ဆက်တွဲ (၂) မောင်တောမြောက်ဘက် တူလတိုလီရွာမှ အသက် ၂၀ ရှိ မုဒိမ်းကျင့်ခံရပြီး လွတ်မြောက်လာသူ၏ ထွက်ဆိုချက်။

"ဖြစ်တဲ့နေ့က ၂၀၁၇ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့မှာပါ။ နံနက် ၈ နာရီမှာ ပစ်ခတ်သံတွေ ကြားရတယ်။ ကျမတို့အားလုံး အပြင်ထွက်ပြီး ဘာတွေဖြစ်နေတာလည်း ကြည့်ကြတယ်။ တခြားရွာ ဒိုလ်တိုလီက လူတွေ ပြေးလာကြတယ်။ သူတို့နောက်က စစ်တပ်က လိုက်လာတယ်။ စစ်သားတွေက အများကြီး ၄၀၀ - ၅၀၀ လောက်ရှိမယ်။

ကျမတို့လည်း ကြောက်လာတယ်၊ ကျမလည်း တနှစ်နဲ့ ၄ လသာရှိသေးတဲ့ သမီးလေးကို ချီလိုက်တယ်။ ယောင်းမဖြစ်တဲ့ "ရေျ" နဲ့အတူပြေးတာဘဲ၊ သူက ကိုယ်ဝန် ၈ လနဲ့။ သူက ယောက္ခမ အိမ်ရှိ ၁၆ နှစ်အရွယ် ချောတဲ့ သူ့ညီမဆီကို လာလည်တာ။ ကျမမောင် ၃ ယောက် (အသက် ၁၂၊ ၈၊ ၆ နှစ်)၊ ယောက္ခမနှင့် ယောက္ခထီး မြစ်ရှိတဲ့ရွာ တခြားဘက်ကို ပြေးကြတယ်။ ဒါပေမဲ့ စစ်တပ်ကို မရှောင်နိုင်ဘူး။ သူတို့ သေနတ်နဲ့ ပစ်နေတယ်၊ လူတွေ အများကြီးလည်း လဲကျကုန်တယ်။ လူနည်းနည်းသာ မြစ်ထဲ ခုန်ဆင်းနိုင်တယ်။ သူတို့လည်း မလွတ်ပါဘူး သေကုန်တာပါဘဲ။ တဘက်ကမ်းရောက်တဲ့ သူတွေကလည်း မြေကြီးပေါ် ဝပ်နေရတယ်။ စစ်တပ်ကလာပြီး ဓါးကြီးတွေနဲ့ ထိုးသတ်ကြတယ်။ ပစ်သတ်တယ်၊ သံဒုတ်နဲ့ ရိုက်တယ်။ ကျမဘေးမှာက ယောက္ခမ၊ ထီးနှင့် ဂုဏ်သရေရှိ လူတစ်ယောက်။ သူတို့က ဝပ်နေတာ သူတို့ကို ဓါးရှည် နှင့်ခုတ်သတ် လိုက်တယ်။

စစ်တပ်က နေ့လည်အထိ လူတွေကို သတ်နေတယ်။ ရဟတ်ယာဉ် တစ်စီး ရခိုင်ရွာ (တူလတိုလီ (မင်းကြီး) မှာဆင်းတယ်။ ရခိုင်လူငယ်တချို့ သတ္တုပိုက်လုံးတွေနဲ့လာပြီး ကျင်းကြီး ၃ ခုကို တူးတယ်။ အလောင်းတွေကို ကျင်းတွေထဲထည့် ဓါတ်ဆီဖြန်းပြီး သတ္တုပိုက်လုံးနဲ့ မီးရှို့တယ်။ ကျင်းထဲမှာ မသေသေးတဲ့ ကလေးတွေကို မြင်ရတယ်။ သူတို့ကို မ ယူပြီး ဓါးနဲ့ ခုတ်သတ်လိုက်တယ်။ ကျင်းတွေပေါ် အရွက်နဲ့ မြေကြီး ကျဲလိုက်တယ်။

အမျိုးသမီးတွေကို ခွဲထုတ်လိုက်တယ်။ မသေသေးတဲ့ လူ ၅ ယောက်ကိုတွေ့တော့ ပစ်သတ်လိုက်တယ်။ အမေ့ရင်ခွင်ထဲက ကလေးတွေအားလုံးကို ဆွဲယူလွှင့်ပစ်ပြီး သတ်တယ်။ ကလေးများကို မသတ်မီ မိခင်နဲ့ ခွဲလိုက်တယ်။ သူတို့ကျမဆီလာတာကိုမြင်တယ်။ ကျမ ကလေးကို သတ်တော့မယ် ဆိုတာသိတယ်။ အသက်ရှုတောင်ရပ်သွားတယ်။ ကျမရှေ့ ပစ်ချပြီး သတ်လိုက်တယ်။ ကျမဆီကယူတော့ ကလေးက ငိုနေတယ်။

ကလေးတွေ အများကြီး တချို့ ၁ နှစ် - ၂ နှစ်မှ ၃ နှစ်အရွယ်တို့ကို မြေပေါ် လွှင့်ပစ်တယ်။ တချို့ကလေးတွေကို စစ်သားတွေက စစ်ဖိနပ်တွေနဲ့ နင်းသတ်တာကို တွေ့ရတယ်။

အမေတွေကို တခါထပ်ခွဲပြီး ရေကန်ကြီးထဲမှာ ရပ်ခိုင်ထားတယ်။ အနည်းစုကို အိမ်ထဲခေါ်

သွားတယ်။ကျမက ရပ်နေတဲ့ မိန်းကလေးတွေရဲ့ နောက်ကို ရွှေ့လိုက်တယ်။ ဘေးမှာ စစ်သားတွေ အမျိုးသမီးတွေကို မုဒိမ်းကျင့်နေတာ၊ ကန်ကျောက်နေတာ၊ သတ်နေတာ မြင်ရတယ်။ ရင်သားတွေကို လှီးဖြတ်တာ၊ မိန်းမအင်္ဂါကို လှီးဖြတ်တာလည်းမြင်ရတယ်။

စစ်သား ၈ ယောက် ၁၀ ယောက် အုပ်စုက မုဒိမ်းကျင့်တာ သတ်တာကို လုပ်တယ်။ တစုက ကျမတို့ကို အိမ်တခုထဲ အတင်းခေါ်သွားတယ်။ ကျမညီမ အပျိုနဲ့ ယောက္ခမကို ကျမတို့ ရှေ့မှာပင် အစုလိုက် မုဒိမ်းကျင့်တယ်။ ကျမညီက ငိုနေတယ်၊ အော်နေတယ်။ နောက်တော့ အသံမကြားရတော့ဘူး၊ သူတို့ သူ့ကို သတ်လိုက်ပြီး၊ နောက်တော့ ကျမနဲ့ ကိုယ်ဝန် ၈ လ ရှိတဲ့ "ရေျ" ကို လာဆွဲတယ်။ သူတို့ လုပ်ချင်သလို လုပ်ကြတယ်။ ကျမတို့လည်း ရုန်းကန်ရင်း အော်နေတယ်။ သံဒုတ်နဲ့ ကျမတို့ကို ရိုက်တယ်။ ကျမ သတိမေ့သွားတယ်။

ကျမသတိရလာတော့ အိမ်က မီးလောင်နေပြီ၊ မိသားစု အလောင်းတွေလည်း မီးလောင် နေပြီ၊ ထွက်ဖို့လမ်းရှာတယ်၊ မတွေ့။ ရုတ်တရက် ညီမ "ရေျ" က ဝါးထရံကို ကန်ပြီးဖျက်တော့ ပျက်သွားလို့ ပြေးထွက်လာရတယ်။ နောက်ကို ပြန်မကြည့်တော့ဘူး၊ နှစ်ယောက်စလုံး ကိုယ်လုံးတီးနှင့်၊ ခေါင်းက နာနေတော့ သိပ်မစဉ်းစားနိုင်ဘူး။ လက်ကလည်း မီးလောင်တဲ့ တုံးဖိမိလို့ နာနေတယ်။ ထရံပျက်တာတွေ့တော့ ပြေးထွက်လိုက်တုန်း လက်ကို တစ်ယောက်ယောက်က ဆွဲတာ၊ ကြည့်လိုက်တော့ ၈ နှစ်အရွယ် မောင်လေး ဖြစ်နေတယ်။ သူ့ကိုလည်း မဆွဲနိုင်ဘူး၊ အဝတ်ပါရင်တော့ သူက အဝတ်နဲ့ ဆွဲလိုက်နိုင်မှာ အခုတော့ ကျမက လုံးတီး၊ မီးဘေးက လွတ်အောင် ပြေးရတယ်။ သူ့ကို မဆွဲနိုင်ဘူး၊ သူ့ခမျာ တခြား မိသားစုဝင်တွေလိုဘဲ မီးလောင်သေဆုံးခဲ့ရတယ်။

ကျမလည်းအနီးနားက ခြံစည်းရိုးကို ကျော်ပြီး အိမ်ခြံထဲ ပြေးပြီး ခြံစည်းရိုးနောက်မှာ ပုန်းနေ တယ်။ ကျမ ညီမ "ရေျ" လည်း အနားမှာ ပုန်းနေတယ်။ ညသန်းခေါင်အထိ ပုန်းနေတယ်။ စစ်သားတွေ ရေချိုးတာ၊ သူတို့ လက်နက်တွေကို ဆေးကြောတာမြင်နေရတယ်။ အသံ မကြားတော့မှ လမ်းအတိုင်း သွားကြတယ်။ မြစ်ကို ရောက်တယ်။ ရေထဲမှာ အလောင်းတွေ အများကြီးကို တွေ့တယ်။ ကမ်းပေါ်မှာလည်း ရှိတယ်။ တချို့အလောင်းတွေကို နင်းပြီး လျှောက်လာခဲ့ရတယ်။

သေတ္တာပျက်တလုံးထဲမှာ ယောက်ျားလုံချည် တစ်ထည် တွေ့ရလို့ နှစ်ပိုင်းပိုင်းပြီး ကိုယ်ကို ဖုံးရတယ်။ နောက်ရွာတရွာကို ရောက်တယ်၊ "ရေျ" ယောက်ျားရဲ့ အိမ်ရှိတဲ့ရွာ၊ ဘယ်သူမှ မရှိ၊ အားလုံး ဟာလာဟင်းလင်း ဖြစ်နေတယ်၊ အိမ်တွေလည်း မီးလောင်နေတယ်။ တဲလေး တလုံးထဲမှာ အစာမရှိ အဝတ်မရှိဘဲ တညလုံးနေရတယ်။ ကိုယ်တွေကလည်း နာကျင်နေ၊ ခြင်ကလည်းကိုက်တော့ အိပ်မရဘူး။ မနက်ကျတော့ လက်ကိုင်ဖုန်းခေါ်သံ ကြားရသည်။ လူတစ်ယောက်ကလည်း ဖုန်းကို ပြောနေသည်။ ကျမတို့ အိမ်ရှေ့ ထွက်ကြည့်တော့ ခွေး ၂ ကောင်က ဟောင်ပြီး ကျမတို့ကို ဝိုင်းထားသည်။ ထိုလူထွက်လာလို့ကျမက "ကျေးဇူးပြုပြီး ကျမတို့ကို မကြည့်ပါနဲ့၊ ကျမတို့မှာ ဝတ်စရာမရှိလို့ အဝတ်ရှိရင်ပေးပါ၊" လို့တောင်းရတယ်။

ဒီလူနံမည်က "တီ" ပါ။ အသက် ၄၀၊ ကလေး ၂ ယောက်အဖေ။ သူက တောထဲမှာ ပုန်းနေတာ။ ရွာကို ပြန်လာတော့ ဘယ်သူမှ မရှိတော့ဘူး။ သူက ကျမတို့ကို စားစရာပေးပြီး သူက "ဒီမှာ စောင့်နေ၊ အပြင်ထွက်ပြီး ကျွန်တော့ မိသားစုသွားရှာလိုက်ဦးမယ်"။ ကျမတို့လည်း ငိုယိုပြီး " ကျမတို့ပါ ခေါ်သွားပါ။ သေရင်လည်း အတူတူ သေပါစေ။" လို့ပြောရတယ်။

သူက - ဒီမှာဘဲစောင့်ပါ။ ဒဏ်ရာတွေနဲ့ သူ့မိသားစု ရှာလို့ မဖြစ်နိုင်ဘူးတဲ့။ ကျမတို့ စောင့်နေခဲ့တယ်။ နာရီအနည်းငယ်ကြာတော့ သူပြန်ရောက်လာတယ်။သူ့မိသားစု တစ်ယောက်မှ မတွေ့ခဲ့၊ သူက နေရာရွှေ့မှ ကောင်းမယ် အကြံပြုလို့ သူနဲ့ ကျမတို့ခရီးစထွက်ကြတယ်။

ကျမတို့ တစ်ရွာဝင် တစ်ရွာထွက် ၃ ရက်ကြာ ခရီးသွားကြတယ်။ တတိယရွာမှာ နားတယ်။ ရွာတွေထဲမှာ လူသူမတွေ့ရဘူး။ ရွာတွေက ဟာလာဟင်းလင်း၊ အကျိုးအပျက်၊ မီးလောင်အိမ်များသာ တွေ့ရတယ်။ ပုတ်စော်နံနေတဲ့ အလောင်းတွေ တွေ့ရတယ်။ ရွာဘေးလမ်းတွေက ကျမတို့သွားကြတယ်။ တတိယမြောက်ရွာမှာ လူတစ်ယောက်ကို တွေ့ရတယ်။ သူကို အကူအညီတောင်းတယ်။ သူက ဒီမှာ ခိုနေသူဖြစ်တယ်။သူက ကျမတို့ သူ့မိသားစုနှင့်နေနိုင်ကြောင်း ပြောတယ်။ သူ့အမေက ကျမတို့ကို ရေချိုးဖို့ ကူညီတယ်။ အစားအစာ ပေးတယ်။ ကျမသွားတွေက နာနေလို့ မဝါးနိုင်ဘူး။ မျက်နှာတခုလုံးမှာ ဒဏ်ရာတွေ ရှိနေတယ်။ "ဂျေ" လည်း ဒဏ်ရာတွေနှင့်၊ ကျမတို့ နှစ်ယောက်လုံး ခေါင်းကို သံဒုတ်ဖြင့် အရိုက်ခံထားရတော့ သွေးတွေ တော်တော်ထွက်သွားသည်။

အမျိုးသား ၂ ယောက်၏ အကူအညီနဲ့ မူရစ်ခမ်ရွာရှိ ရိုဟင်ဂျာ ဆရာဝန်ထံ ရောက်သွားတယ်။ သူက ကျမတို့ခေါင်းက အနာတွေကို ချုပ်ပေးပြီး ကျမတို့ကို ကြည့်ရှုမည်သူရှိလား မေးတယ်။ ကျမတို့ မရှိဘူး ၊ အားလုံးသေဆုံးကုန်ကြောင်းပြောပြလိုက်တယ်။ သူက ကျမတို့ကို ဓါတ်ပုံရိုက်ပြီး ဖေ့စ်ဘုတ်ပေါ် တင်လိုက်တယ်။ လူတစ်ယောက်က သူဟာ ကျမဦးလေးဖြစ်ကြောင်း၊ ကျမယောက်ျားလည်း အသက်ရှင်လျှက်ရှိကြောင်း အကြောင်းပြန်တယ်။ လူတွေ မြစ်ထဲစုန်ချတုန်းက ကျမယောက်ျားနှင့် ၄ - ၅ ယောက်မှာ ကံကောင်းလို့ ပုန်းနေနိုင်ခဲ့တယ်။ ညသန်းခေါင်အချိန်တွင် သူလာခေါ်တယ်။ ကူညီသူတို့ကိုလည်း ငှါးရမ်းရတယ်။ ငှါးရမ်းခ ၆၀၀၀၀ ကျပ်ကို သူများဆီက ချေးလာရတယ်။

မနက်မှာ နတ်မြစ်ကမ်းကို ရောက်တယ်။ အဲဒီကမှ လှေစီးပြီး ဘင်္ဂါလားဒေ့ရှ်ကို မနက် ၁၁ မှာ ရောက်တယ်။ MSF ဆေးခန်းကို လူတွေက လိုက်ပြကြတယ်။ ဆေးရုံမှာ တပတ်နေပြီး နောက် ရပ်ကွက်ထဲက အိမ် တစ်အိမ်မှာ ၃ ရက်နေတယ်။ နောက် ကုတုပလောင် ဒုက္ခသည်စခန်းတွင် ခိုလှုံလိုက်တယ်။ ရက် ၂၀ မြောက်နေ့မှာ "ဂျေ"က ဆေးရုံမှာ သမီးလေးမွေးသည်။ "ဂျေ" ၏ ခင်ပွန်းက တူလတိုလီ (မင်းကြီး) အစုလိုက်လူသတ်ပွဲတွင် ပါသွားတယ်။ ထိုသတင်းကို " ဂျေ" က ဆေးရုံ မှာ ရှိတုန်း ကြားရတာ။"

ကုလားတန် သတင်းကွန်ယက်

ပထမဆုံး ရိုဟင်ဂျာ သတင်းအေဂျင်စီ (၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်)

www.kaladanpress.org
www.kaladanpress.com